၂၀ မျိုးသည်

ဓမ္မဒါန

၁၈၉၉၂

# ဦးမြ

## ဓမ္မပဒ

ဘာသာရေးဆိုင်ရာစာမူ ပုံနှိပ်ထုတ်ဝေခွင့်
မှတ်ပုံတင်အမှတ် (၁၁၁၁၆)

ပထမ အကြိမ်
၁၉၇၈ ခု၊ ဒီဇင်ဘာလ
အုပ်ရေ-၂၀၀၀

အဖုံးပန်းချီ - အောင်နိုင်လတ်
အဖုံးရိုက် - ရွှေဥဒေါင်း

စမ္မဒါန

ပုံနှိပ်သူ

ဦးလှညွန့်မျိုး (မြ-၀၂၁၁၆)
ရွှေဥဒေါင်း စာပုံနှိပ်တိုက်
အမှတ်-၁၁၉၊ ၃၈- လမ်း
ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးမြ
ကင်းလွတ်ခွင့်အမှတ်
(၀၄၅၈၁)
ပဲခူးလမ်း၊ ဖြူးမြို့၊
ပဲခူးတိုင်း။

၃၈၆ ၉၂

# (၁)

# တွဲဖက်တရားအစု

၁

အလုံးစုံသော အကြောင်းတရားတို့ကို စိတ်သည် ဦးဆောင်၏။ စိတ်သာလျှင် အကြီးအမှူးဖြစ်၏။ စိတ်ဖြင့်သာ ပြီး၏။ (ဘဝသည်ပင် စိတ်၏ဖန်တီးရာဖြစ်၏)။

အကြင်သူသည် မသန့်ရှင်းသောစိတ်ဖြင့် ကြံစည်ပြောဆိုပြုမူ၏။ လှည်းဘီးသည် လှည်းကိုဆွဲသော နွားနောက်သို့ အစဉ်လိုက်သည့်ပမာ ဆင်းရဲသည်။ ထိုသူအားထက်ချပ်မကွာလိုက်၏။

၂

အလုံးစုံသော အကြောင်းတရားတို့ကို စိတ်သည် ဦးဆောင်၏။ စိတ်သာလျှင် အကြီးအမှူးဖြစ်၏။ စိတ်ဖြင့်သာ ပြီး၏။ (ဘဝသည်ပင် စိတ်၏ဖန်တီးရာဖြစ်၏)။

အကြင်သူသည် သန့်ရှင်းစင်ကြယ်သော စိတ်ဖြင့် ကြံစည် ပြောဆိုပြုမူ၏။ ချမ်းသာသည်၊ ထိုသူ၏နောက်သို့ အရိပ်ပမာ လိုက်ပါ၏။

၃

"သူသည် ငါ့အား ဆဲရေးခဲ့သည်။ နှိပ်စက်ခဲ့သည်။ နိုင်ထက်ကလူပြုခဲ့သည်။ ငါ့ဥစ္စာကိုလုယက်ယူငင်ခဲ့သည်" ဟူ၍၊ ရန်ငြိုးဖွဲ့တတ်သူအဖို့ ရန်သည်မငြိမ်း။

၄

"သူသည် ငါ့အားဆဲရေးခဲ့သည်။ နှိပ်စက်ခဲ့သည်။ နိုင်ထက်ကလူပြုခဲ့သည်။ ငါ့ဥစ္စာကိုလုယက်ယူငင်ခဲ့သည်" ဟူ၍၊ ရန်ငြိုးမဖွဲ့တတ်သူအဖို့ ရန်သည် ပြေငြိမ်း၏။

၅

ရန်တုံ့ပြန်ခြင်းဖြင့် ရန်သည် မပြေငြိမ်းနိုင်၊ ရန်မတုံ့ပြန်ခြင်းဖြင့်သာ ရန်သည် ပြေငြိမ်းနိုင်၏။ ဤကား အစဉ်အလာ မမှတာသဘောပင်။

၆

လူမိုက်သည် တနေ့မုချသေရဦးမည်ကိုမအောက်မေ့၊ မဆင်ခြင်၊ မသိမြင်ကြ။ ယင်းကြောင့် ခိုက်ရန်ငြင်းခုန်မှု ပြုကြကုန်၏။ ပညာရှိသည် တနေ့မုချသေရမည်ကို အောက်မေ့ ဆင်ခြင် သိမြင်၏။ ယင်းအသိကြောင့် ခိုက်ရန်ငြင်းခုန်မှုကိုငြိမ်းအောင်ပြု၏။

၇

မုန်တိုင်းသည် ကြုံလှီသောသစ်ပင်ကို ချိုးဖြတ်နိုင်သကဲ့သို့ တင့်တယ်သာယာမှုကိုသာ ရှုလေ့ရှိသော၊ အစာအာဟာရ၏ အတိုင်းအဆကိုမသိသော၊ ဣန္ဒြေမစောင့်စည်းသော ပျင်းရိသူအား မာရ်သည်နှိပ်စက်ဖျက်ဆီးနိုင်၏။

၈

ကျောက်တောင်ကို လေမုန်တိုင်းသည် မဖျက်ဆီးနိုင်သကဲ့သို့ တင့်တယ်သာယာမှုကိုရှုလေ့မရှိသော၊ အစာအာဟာရ၏အတိုင်းအဆကိုသိသော၊ ဣန္ဒြေစောင့်စည်းသော လုံ့လရှိသူအား မာရ်သည် မနှိပ်စက်မဖျက်ဆီးနိုင်။

၉

ဣန္ဒြေကိုဆုံးမခြင်းလည်းမရှိ၊ မှန်ကန်သော စကားကိုလည်း မပြော၊ ရာဂအစေးရှိသည့် ကိလေသာ ဖန်ရည်လည်း မကင်း ပါဘဲလျက် သင်္ကန်းကို ဝတ်ထားသူသည် စင်စစ် သင်္ကန်းနှင့် မထိုက်တန်။

၁၀

ဣန္ဒြေကိုဆုံးမ၍ မှန်သောစကားကိုသာ ပြောဆိုပြီး၊ ရာဂအစရှိသည့်ကိလေသာဖန်ရည်ကင်းစင်သော သီလစောင့်ထိန်းသူသာလျှင် သင်္ကန်းနှင့်ထိုက်တန်၏။

၁၁

အနှစ်မရှိသောတရားကိုအနှစ်ရှိသည်ဟူ၍၎င်း၊ အနှစ်ရှိသောတရားကို အနှစ်မရှိဟူ၍၎င်း မှတ်ထင်သူတို့အဖို့ အနှစ်ရှိသောတရားစစ်စစ်ကို မရရှိနိုင်ကြ။

၁၂

အနှစ်ရှိသောတရားကို အနှစ်ရှိသည်ဟု၊ အနှစ်မဲ့သောတရားကိုအနှစ်မဲ့သည်ဟု မှတ်ထင်သိမြင်သူတို့သာလျှင် အနှစ်ရှိသောတရားစစ်စစ်ကို ရရှိနိုင်၏။

၁၃

လုံခြုံစွာမမိုးထားသော အိမ်တွင်းသို့ မိုးရေသည် ဖောက်ထွင်းဝင်ရောက်နိုင်သည့်ပမာ (သမထဝိပဿနာဖြင့်) ဆုံးမခြင်းကင်းသောစိတ်ကို ကိလေသာရာဂသည် ဖောက်ထွင်းဝင်ရောက်နိုင်၏။

၁၄

လုံခြုံစွာမိုးအပ်သော အိမ်တွင်းသို့ မိုးရေသည် မဖောက်ဝင်နိုင်သည့်ပမာ (သမထ ဝိပဿနာဖြင့်)ဆုံးမအပ်သောစိတ်ကို ကိလေသာရာဂသည် မဖောက်ထွင်း မဝင်ရောက်နိုင်။

၁၇

မကောင်းမှုပြုသူသည် ဤဘ၀၌လည်း စိုးရိမ်ရ၏။ နောက်ဘ၀၌လည်း စိုးရိမ်ရ၏။ ဘ၀နှစ်တန်လုံး၌ စိုးရိမ်ရ၏။ မိမိပြုခဲ့သော မကောင်းမှုကိုသိမြင်သဖြင့် စိုးရိမ်ပင်ပန်းရ၏။

၁၆

ကောင်းမှုပြုသူသည် ဤဘ၀၌လည်း ဝမ်းမြောက်ရ၏။ နောင်ဘ၀၌လည်း ဝမ်းမြောက်ရ၏။ ဘ၀နှစ်တန်လုံး ဝမ်းမြောက်ရ၏။ မိမိပြုခဲ့သောကောင်းမှုကို သိမြင်သဖြင့် အလွန်ဝမ်းမြောက်ရ၏။

၁၇

မကောင်းမှုပြုသူသည် ဤဘ၀၌လည်း ပူပန်ရ၏။ နောင်ဘ၀၌လည်း ပူပန်ရ၏။ ဘ၀နှစ်တန်လုံး၌ ပူပန် ဆင်းရဲရ၏။ "ငါသည် မကောင်းမှုကို ပြုမိခဲ့ပြီ" ဟူ၍ ပူပန် ဆင်းရဲရ၏။ မကောင်းမှုကြောင့် အပါယ်ငရဲသို့ ရောက်သည့် အခါ၌ကား အလွန်အမင်း ပူပန်ဆင်းရဲရချေ၏။

၁၈

ကောင်းမှုပြုသူသည် ဤဘ၀၌ ရွှင်လန်းနှစ်သက်ရ၏။ နောင်ဘ၀၌လည်း ရွှင်လန်းနှစ်သက်ရ၏။ ဘ၀နှစ်တန်လုံး၌ ရွှင်လန်းနှစ်သက်ရ၏။ "ငါသည် ကောင်းမှုကိုပြုခဲ့ပြီ" ဟူ၍ ရွှင်လန်းနှစ်သက်ရ၏။ ကောင်းမှုကြောင့် ကောင်းရာသုဂတိသို့ ရောက်သည့်အခါ၌ကား အလွန်အမင်း ရွှင်လန်းနှစ်သက်ရချေ၏။

၁၉

အချိန်တန်လျှင် နွားများကိုရေတွက်၍ နွားရှင်ထံ ပြန်အပ်ရသောနွားကျောင်းသားသည် နွား၏အရသာကို မခံစားရသကဲ့သို့ ပိဋကတ်တော်အစရှိသော တရားစကားများကို မည်မျှပင် ပြောဟောနေစေကာမူ မကျင့်ကြံ အားမထုတ်သူသည် မဂ်ဖိုလ်၏ အရသာကိုမခံစားရချေ။

၂၀

ဘုရား၏ တရားတော်ကို အနည်းငယ်မျှပင် ပြောဟော၍ တရားကိုသာ ကျင့်ကြံ အားထုတ်သူအဖို့မူ ရာဂ၊ ဒေါသ၊ မောဟကိုပယ်ပြီးဖြစ်သဖြင့် ဘဝ၌စွဲလမ်းမှုမရှိတော့၊ ထိုသူသည်သာ မဂ်ဖိုလ်၏အရသာကို ခံစားရ၏။

# (၂)

# မမေ့မလျော့ခြင်း

၂၁

(ကောင်းမှု၌) မမေ့လျော့ခြင်းသည် သေခြင်း ကင်းရာနိဗ္ဗာန်ရောက်ကြောင်းတည်း။ မေ့လျော့ခြင်းသည် သေခြင်းသံသရာ၏ အကြောင်းရင်းတည်း။ မမေ့လျော့သူသည် မသေသည်မမည်။ မေ့လျော့သူသည် သေသည်မည်၏။

၂၂

ပညာရှိသည် မမေ့လျော့ခြင်း၏ အကျိုးကို သိမြင်သဖြင့် သတိတရား၌မွေ့လျော်လျက် သူတော်ကောင်းတရားကို ကျင့်ကြံကြကုန်၏။

## ၂၄

လို့လရှိသူ၊ သတိရှိသူ၊ ကံသုံးပါး စင်ကြယ်သူ၊ အမှုကိစ္စဟူသမျှကို စူးစမ်း၍ ပြုလေ့ရှိသူ၊ (ဣန္ဒြေကို)စောင့်စည်းသူ၊ တရားသဖြင့် အသက်မွေးသူ၊ မမေ့မလျော့သူတို့၌ အခြေအရံ အကျော်အစောသည် အလွန်တိုးပွား၏။

## ၂၅

ထကြွလို့လရှိခြင်း၊ မမေ့မလျော့ခြင်း၊ သီလစောင့်ထိန်းခြင်းနှင့် ဣန္ဒြေကိုဆုံးမခြင်းတို့ပြည့်စုံသော ပညာရှိသည် သံသရာသမုဒ္ဒရာ၌ ကိလေသာရေအလျဉ် မဖျက်ဆီးနိုင်သော အရဟတ္တဖိုလ်ကျွန်းကို ပြုလုပ်ရာ၏။

## ၂၆

ပညာမဲ့သူမိုက်တို့သည် မေ့လျော့ကုန်၏။ ပညာရှိသည်မမေ့မလျော့ခြင်းကို အမြတ်ဆုံးဥစ္စာကဲ့သို့စောင့်ရှောက်၏။

## ၂၇

ထို့ကြောင့် မေ့လျော့မှုကို အားမထုတ်ကုန်လင့်။ ကိလေသာကာမဂုဏ်၌ မမွေ့လျော်ကြကုန်လင့်။ အကြောင်းမူ၊ မမေ့မလျော့ခြင်းဖြင့် (သမထဝိပဿနာ) တရားအကျင့်ကို ကျင့်ကြံသူသည် မြတ်သော(နိဗ္ဗာန်) ချမ်းသာကို ရရှိနိုင်သောကြောင့်တည်း။

၂၈

ပညာရှိသည် မေ့လျော့ခြင်းကို မမေ့လျော့ခြင်းဖြင့်ပယ်ဖျောက်၏။ ပညာပြာသာဒ်ထက်မှ စိုးရိမ်ကြောင့်ကြလျက် ရှိကြကုန်သော သတ္တဝါအပေါင်းကို ကြည့်ရှု၏။ တောင်ထိပ်မှ လူသည် မြေပြင်မှလူကို ရှုကြည့်သကဲ့သို့ ပညာရှိသည် သူမိုက်တို့ကို ရှုကြည့်လေ၏။

၂၉

ခွန်အားကြီးသောမြင်းသည် ကြုံလှီသောမြင်းအပေါင်းကို ချန်ထား၍ သွားသကဲ့သို့ မမေ့မလျော့သော ပညာရှိသည် မေ့လျော့သူများကို ချန်ထား၍သွား၏။ သတိပွား၍ နိုးကြားသူသည် (သတိကင်းသော ပျင်းရိသူများကို) စွန့်ထားပေ၏။

၃၀

မာဃလုလင်သည် (ကုသိုလ်ကောင်းမှုပြု၍) မမေ့လျော့ခြင်းကြောင့် နတ်တို့၏ အထွဋ်အထိပ်သို့ ရောက်ရ၏။ မမေ့မလျော့ခြင်းကို ချီးမွမ်းအပ်၏။ မေ့လျော့ခြင်းကို အခါခပ်သိမ်း ကဲ့ရဲ့အပ်၏။

၃၁

မီးသည် လောင်စာဟူသမျှကို လောင်ကျွမ်းစေသကဲ့သို့ မမေ့မလျော့သော၊ မေ့လျော့ခြင်းကို ဘေးအန္တရာယ်သဖွယ် သိမြင်သော ရဟန်းသည် သံယောဇဉ်ဟူသမျှကို လောင်ကျွမ်းစေ၏။

၄၂

မမေ့မလျော့ခြင်း၌ မွေ့လျော်၍၊ မေ့လျော့ခြင်း၏အပြစ်ကို သိမြင်သောရဟန်းသည် မဂ်ဖိုလ်မှ မဆုတ်ယုတ်၊ နိဗ္ဗာန်နှင့် အနီးအပါး၌တည်၏။

# ( ၃ )

# စိတ်

၃၃

လေးသမားသည် မြားကို ဖြောင့်အောင် ပြုလုပ်သကဲ့သို့ ပညာရှိသည် လျှပ်ပေါ်လော်လည်သော တားမြစ်စောင့်ထိန်းရန်ခက်ခဲသောစိတ်ကို ဖြောင့်အောင်ပြု၏။

၃၄

ရေမှဆည်ယူ၍ ကုန်းပေါ်ပစ်တင်ထားလိုက်သော ငါးသည် တဖျပ်ဖျပ် တုန်လှုပ် လွန့်လူးသကဲ့သို့ ကာမဂုဏ်နယ်မှ ဆောင်ယူ၍ (ကမ္မဋ္ဌာန်းဘာဝနာ၌)ထားအပ်သောစိတ်သည် တဖျပ်ဖျပ်တုန်လှုပ်၏။

## ၃၅

စိတ်သည် နှိမ်နင်းရန် ခဲယဉ်း၏။ လျင်မြန်၏။ အလိုရှိရာအာရုံ၌ ကပ်ငြိလေ့ရှိ၏။ ယင်းစိတ်ကိုဆုံးမခြင်းသည် ကောင်းမြတ်၏။ ယဉ်ကျေးပြီးဖြစ်သော စိတ်သည် ချမ်းသာကိုသာရွက်ဆောင်၏။

## ၃၆

စိတ်သည် အလွန့်အလွန်သိမြင်နိုင်ခဲ၏။ အလွန့်အလွန် သိမ်မွေ့၏။ အလိုရှိရာအာရုံ၌ ကပ်ငြိလေ့ရှိ၏။ ပညာရှိသည်စိတ်ကို စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားသောစိတ်သည် ချမ်းသာကိုသာ ရွက်ဆောင်၏။

## ၃၇

စိတ်သည် အဝေးသို့လွင့်မျောတတ်၏။ တဦးတည်း ကျက်စားတတ်၏။ ဟဒယဝတ္ထုနှလုံးလိုဏ်၌ တည်မှီသော စိတ်ကို စောင့်စည်းချုပ်တီးကြသူတို့သည် မာရ်အနှောင်အဖွဲ့မှ လွတ်ကြကုန်လတ္တံ့။

## ၃၈

စိတ်မတည်ငြိမ်သော၊ သူတော်ကောင်းတရားကို မသိသော၊ ယုံကြည်မှုသဒ္ဓါမခိုင်မာသောသူ၌ ပညာသည်မပြည့်စုံ။

၃၉

(ရာဂ)မစွတ်စိုသောစိတ်ရှိသူ၊ ဒေါသကင်းသောစိတ်ရှိသူ၊ ကောင်းမှု မကောင်းမှုကိုပယ်ပြီး ဖြစ်သောသူ၌ ဘေးရန်သည် မရှိ။

၄၀

ခန္ဓာကိုယ်ကို(ပျက်စီးကွဲရှလွယ်သော) အိုးပမာသိ၍ စိတ်ကို (ခိုင်ကြည်သော)မြို့ပမာ ဉာဏ်သက်ဝင်လျက် ပညာတည်းဟူသောလက်နက်ဖြင့် ကိလေသာမာရ်ကိုတိုက်ခိုက်ရာ၏။ အောင်မြင်သော အကျိုးတရားကိုလည်း ကပ်ငြိ တွယ်တာခြင်းမရှိပဲ စောင့်ရှောက်ရာ၏။

၄၁

ခန္ဓာကိုယ်သည် ဝိညာဉ်ကင်းသည်နှင့် အသုံးမဝင်တော့သောထင်းတုံးပမာ မြေ၌လဲလျောင်းအိပ်စက်ရလတ္တံ့။

၄၂

ခိုးသူတယောက်သည် အခြားခိုးသူတယောက်ကို ပျက်စီးအောင်ပြု၏။ ရန်သူတယောက်သည် အခြားရန်သူတယောက်ကို ပျက်စီးအောင်ပြု၏၊မကောင်းသဖြင့် ထားအပ်သောယုတ်ညံ့သည့်စိတ်သည် ထိုစိတ်ရှိသူကို ပို၍ပျက်စီးအောင်ပြုနိုင်၏။

၄၃

လူ့နတ်နိဗ္ဗာန် သုံးတန်သောချမ်းသာကို အမိအဖသည် မပြုစွမ်းနိုင်၊ အဆွေအမျိုးတို့သည်လည်း မပြုစွမ်းနိုင်၊ ကောင်းစွာစောင့်ရှောက် ဆောက်တည်ထားသော စိတ်သည်သာလျှင် ပြုစွမ်းနိုင်၏။

# ( ၄ )

# ပန်း

၄၄

အဘယ်သူသည် ခန္ဓာကိုယ်တည်းဟူသော မြေကြီးကို၎င်း၊ လေးဝသောယမနိုင်ငံကို၎င်း၊ နတ်ဘုံ လူ့ဘုံကို၎င်း ဉာဏ်ဖြင့် ရွေးချယ်စိစစ်နိုင်အံ့နည်း။ ပန်း၌ ကျွမ်းသော ပန်းသည်သည် ပန်းကိုရွေးချယ်စိစစ်နိုင်သည့်ပမာ အဘယ်သူသည် ကောင်းစွာ ဟောအပ်သော တရားအစု (ဓမ္မပဒ) ကို ရွေးချယ် စိစစ်နိုင် အံ့နည်း။

၄၇

ခန္ဓာကိုယ်တည်းဟူသောမြေကြီးကိုရင်း၊ လေးဝသော ယမနိုင်ငံကိုရင်း၊ နတ်ဘုံလူ့ဘုံကိုရင်း သေက္ခပုဂ္ဂိုလ်သည် ဉာဏ်ဖြင့် ရွေးချယ်စိစစ်နိုင်လတ္တံ့။ ပန်းဌက်ကျွမ်းသောပန်းသည်သည် ပန်းကို ရွေးချယ်စိစစ်နိုင်သည့်ပမာ သေက္ခပုဂ္ဂိုလ်သည်ကောင်းစွာ ဟောအပ်သော တရားအစု (ဓမ္မပင်ကို) ရွေးချယ် စိစစ်နိုင်လတ္တံ့။

၄၆

ဤခန္ဓာကိုယ်ကို ရေမြှုပ်ပမာသိ၍ တံလျှပ်သဘောရှိသည် ထိုးထွင်းမြင်လျက် မာရ်နတ်၏ ပန်းခိုင်ဖြစ်သောဝဋ်သုံးပါးကို ချိုးဖြတ်ပြီး သေမင်း၏မျက်ကွယ်ဖြစ်ရာ (နိဗ္ဗာန်)သို့ သွားရာ၏။

၄၇

ကြီးစွာသော ရေအလျင်သည် အိပ်ပျော်နေသော ရွာကို လွှမ်းမိုးတိုက်စားသွားသကဲ့သို့ လှပသောပန်းတို့ကိုသာ ဆွတ်ခူးသော ပန်းပွတ်သမားပမာ ကာမဂုဏ်၌ မရသေးသည်ကိုတောင့်တ၊ ရပြီးသည်ကို ကပ်ငြိ တွယ်တာစိတ်ရှိသူကို သေမင်းသည်သိမ်းယူတိုက်ခိုက်လေ၏။

## ၄၇

တင့်တယ်လှပသော ပန်းတို့ကို ရွေးချယ်ဆွတ်ခူးသူ ကဲ့သို့ ကာမဂုဏ်ကို ဆွတ်ခူးခံစားလျက်၊ မရသေးသည်ကို တောင့်တ၊ ရပြီးသည်ကို တွယ်တာစိတ်ရှိသော မရောင့်ရဲနိုင်သူအား သေမင်းသည် အလိုရှိတိုင်း ပြုနိုင်လေသည်။

## ၄၉

ပျားပိတုန်းသည် ပန်း၏အဆင်းရနံ့ကို မပျက်စီးစေဘဲ၊ ဝတ်ရည်ကိုသာ စားသုံးတတ်သကဲ့သို့ ရဟန်းသည် မြို့ရွာ၌ သဒ္ဓါတရားနှင့် စည်းစိမ်ဥစ္စာ မပျက်စီးစေဘဲ (ပစ္စည်းလေးပါးကို) ခံယူအပ်၏။

## ၅၀

သူတပါး၏အပြစ်ကို မရှုကြည့်သင့်၊ သူတပါးကောင်းမှု ပြုမပြုကိုမရှုကြည့်သင့်။ မိမိကောင်းမှု မကောင်းမှုပြုမပြုကိုသာ ရှုကြည့်သင့်သည်။

## ၅၁

တင့်တယ်သော အဆင်းရှိလျက်၊ ရနံ့မသင်းသုံ့သော ပန်းသည် ပန်ဆင်သူအား မမွှေးပျံ့နိုင်၊ထို့အတူ ကောင်းစွာ ဟောကြားအပ်သော ပိဋကတ်တော်တို့သည် မလိုက်နာ မကျင့်ကြံသူအား အကျိုးမပေးဆောင်နိုင်။

၁၂

တင့်တယ်သော အဆင်းလည်းရှိ၊ ရနံ့လည်း သင်းထုံသော ပန်းသည် ပန်ဆင်သူအား မွေးပျံ့ကြိုင်လှိုင်စေသကဲ့သို့ ကောင်းစွာဟောကြားအပ်သောတရား ပိဋကတ်တော်တို့သည် လိုက်နာကျင့်ကြံသူအား အကျိုးများစေ၏။

၁၃

မြောက်မြားစွာသော ပန်းအစုအတွင်းမှ ပန်းကုံးတို့ကို သီကုံးသကဲ့သို့ သတ္တဝါသည် သစ္စာတရားနှင့် ဥစ္စာပစ္စည်းတို့အတွင်းမှ များစွာသော ကောင်းမှုတို့ကိုပြုရာ၏။

၁၄

စန္ဒကူးဖြစ်စေ၊ တောင်ဇလပ်ဖြစ်စေ၊ စပယ်ကြက်ရုံးဖြစ်စေမည်သည့် ပန်း၏ရနံ့မှ လေစုံထဲသို့ မပျံ့လှိုင်၊ သူတော်ကောင်းတို့၏ သီလအစရှိသော ဂုဏ်သည်ကား အရပ်မျက်နှာ အားလုံးသို့ ပတ်လျှံကြိုင်လှိုင်၏။

၁၅

စန္ဒကူးပန်းရနံ့၊ တောင်ဇလပ်ပန်းရနံ့၊ ကြာညိုပန်းရနံ့၊ မြလေးပန်းရနံ့ အစရှိသောပန်းတို့၏ ရနံ့အမျိုးမျိုးထက်သီလ၏ရနံ့သည် အတုမရှိမြတ်၏။

၅၆

တောင်စလပ်ပန်း၊ စန္ဒကူးပန်းတို့၏ ရနံ့သည်အနည်းငယ်မျှသာ သင်းပျံ့၏။ သီလစောင့်ထိန်းသူ၏ သီလရနံ့သည်ကား ထူးကဲ မြင့်မြတ်သည်ဖြစ်၍ နတ်ပြည်သို့တိုင်လှိုင်၏။

၅၇

သီလနှင့်ပြည့်စုံသော၊ မမေ့မလျော့သော၊ ကိလေသာမှ လွှန်မြောက်ပြီးဖြစ်သော ပုဂ္ဂိုလ်တို့၏ သွားရာလမ်းကိုမာရ်နတ်သည် မတွေ့မြင်နိုင်ပေ။

၅၈/၅၉

လမ်းတွင် စွန့်ပစ်ထားသော အမှိုက်ပုံ၌ အဆင်းလှ၍ ရနံ့သင်းသော ပဒုမ္မာကြာပန်းသည် ပေါက်ရောက်သကဲ့သို့ သတ္တဝါတို့၏အလယ်၌ ဘုရား၏တပည့်သည် သီလ၊ သမာဓိ၊ ပညာ စရိုသည်တို့ဖြင့် လွှန်၍တင့်တယ်ပေ၏။

# ( ၅ )

# လူမိုက်

၆၀

အိပ်မပျော်သူအဖို့ ညတာသည်ရှည်လျား၏။ ခရီးပန်းလာသူအဖို့ ယူဇနာခရီးသည် ရှည်လျား၏။ သူတော်ကောင်းတရားကို မသိသောလူမိုက်အဖို့ သံသရာသည်ရှည်လျား၏။

၆၁

တရားကျင့်သူသည်အဆွေခင်ပွန်းအဖြစ် မိမိထက်သာလွန်သူ၊ မိမိနှင့်တန်းတူသူကို ရှာဖွေမရရှိပါက တယောက်တည်းသာလျှင် ကျင့်ကြံရာ၏။ လူမိုက်နှင့်မပေါင်းဖွဲ့ရာ။

၆၂

လူမိုက်သည် “ငါ့တွင် သားသမီးရှိ၏၊ ငါ့တွင် ဥစ္စာရှိ၏” ဟူသော (စွဲလမ်းမှုတဏှာဖြင့်) ဆင်းရဲပင်ပန်းရ၏။ စင်စစ်မူ မိမိ၏အတ္တသည်ပင်လျှင် မရှိပါဘဲ အဘယ်မှာလျှင် သားသမီး ဟူ၍ ရှိပါအံ့နည်း။ ဥစ္စာဟူ၍ရှိပါအံ့နည်း။

၆၃

မိမိမိုက်သည့်အဖြစ်ကို သိသော သူမိုက်သည် ပညာရှိ ဖြစ်နိုင် သေး၏။ မိမိကိုမိမိ ပညာရှိဟု ထင်မှတ်သော လူမိုက်သည်ကား လူမိုက်စစ်စစ်သာ ဖြစ်သည်ဟု ဆိုအပ်၏။

၆၄

ကာလကြာမြင့်စွာ ဟင်းနှင့် ထိတွေ့နေသော်လည်း ယောက် မသည် ဟင်း၏အရသာကို မသိသကဲ့သို့ သက်တမ်းတလျှောက် လုံး ပညာရှိကို ဆည်းကပ်နေကာမူ လူမိုက်သည် သူတော် ကောင်းတရားကို မသိနိုင်။

၆၅

လျှာသည် ဟင်း၏အရသာကို သိသကဲ့သို့ လိမ္မာ တတ်သိသူ သည် (တခဏမျှ)ပညာရှိကို ဆည်းကပ်ရရုံနှင့် သူတော်ကောင်း တရားကို သိနိုင်၏။ ၁၉၉၆၂

၆၆

မခံမရပ်နိုင်အောင် ထက်မြက်သည့် အကျိုးကို ပေးစေသော မကောင်းမှု ပြုသူ လူမိုက်တို့သည် မိမိကိုယ်ကိုမိမိ ရန်သူသဖွယ် ပြုမူ လှည့်လည်ကြရ ကုန်၏။

၆၇

နောင်တ တဖန် ပူပန်ရတတ်သော အမှု၊ မျက်ရည်စက်လက် ငိုကြွေး ဆင်းရဲရတတ်သော အမှုမျိုးကို ပြုလုပ်ခြင်းသည် မကောင်း။

၆၈

နောင်တ တဖန် မပူပန်ရတတ်သောအမှု၊ နှစ်သက် ဝမ်းမြောက်စွာ ချမ်းသာရတတ်သော အမှုမျိုးကို ပြုလုပ်ခြင်းသည် ကောင်း၏။

၆၉

လူမိုက်သည် မိမိ ပြုခဲ့သော မကောင်းမှုက အကျိုးမပေး သေးသောအခါ ပျားသကာကဲ့သို့မှတ်ထင်၏။ ယင်းမကောင်းမှု အကျိုးပေးသော အခါ၌ကား ဆင်းရဲဒုက္ခ ကြီးစွာ ရလေ၏။

၇၀

လူမိုက်သည် ခြိုးခြံသော အကျင့်ကို ကျင့်အံ့ဟု လစဉ်လတိုင်း သမန်းမြက်များကို စား၍ အနှစ်တရာတိုင် ကျင့်ကြံသော်လည်း အရိယာ ပုဂ္ဂိုလ်တို့၏ အကျင့် တဆယ့်ခြောက်စိတ် တစိတ်မျှပင် အဖိုးမထိုက်။

၇၁

ညှစ်ပြီးစ နို့ရည်သည် ရုတ်တရက် မပြောင်းလဲတတ်။ ထို့အတူ ပြုပြီးစ မကောင်းမှုသည် (ရုတ်တရက် ချက်ချင်း)အကျိုး မပေးတတ်သေး။ သို့သော် ပြာဖုံးသောမီးခဲပမာ တငွေ့ငွေ့ လောင်ကျွမ်းလေ၏။

၇၂

လူမိုက်၏အတတ်သည် ထိုလူမိုက်အား ပျက်စီးစေ၏။ သို့ လူမိုက်၏ ကောင်းမှုအစု ဟူသရွေ့ကို ဖျက်ဆီး၏။ ပညာ ဦးထိပ်ကို ပြတ်ကျစေ၏။

၇၃

မလိမ္မာသော ရဟန်းသည် မိမိ၌ မရှိသော ဂုဏ်ဖြင့် ချီးမွမ်း ခြင်းကို၎င်း၊ မိမိအား ရှေ့ဆောင် ပြုခြင်းကို၎င်း၊ ကျောင်း သင်္ခမ်းအား အစိုးရခြင်းကို၎င်း၊ ဆွေမျိုးမဟုတ်သော ဒါယကာ တို့၏ ပူဇော်ခြင်းကို၎င်း အလိုရှိ၏။

၇၄

"ငါ့ကြောင့် ကိစ္စကြီးငယ် ပြီးစီးသည်ဟု ရဟန်းရှင်လူတို့ မှတ်ထင် ကြစေသတည်း၊အမှုကြီးငယ် ဆောင်ရွက်ရာတွင်လည်း ငါ့အလိုသို့ လိုက်ကြစေသတည်း"ဟူသော အလိုရမက် မာန် မာနတို့သည် မိုက်သောရဟန်း၌ အစဉ် တိုးပွားလေ၏။

၄၅

လာဘ်ရကြောင်း အကျင့်နှင့်နိဗ္ဗာန်ရောက်ကြောင်းအကျင့်ကို ခွဲခြားသိမြင်လျက် မြတ်စွာဘုရား၏ တပည့်ရဟန်းသည် လာဘ် ပူဇော် သကာကို မနှစ်သက်ရာ။ ဝိဝေက သုံးပါးကိုသာ တိုးပွား စေရာ၏။

# (၆)

# ပညာရှိ

၇၆

အပြစ်ကို ပြည့်ဆုံးမလေ့ရှိသော ပညာရှိအား "မြှုပ်ထားသော ရွှေအိုးကို ဖော်ပေးသူ"ပမာ ဆည်းကပ်ရာ၏။ ယင်းပညာရှိကို ဆည်းကပ်ခြင်းသည် မြတ်၏။ အကျိုး မဆုတ်ယုတ်။

၇၇

မကောင်းမှုကို မပြုရန် တားမြစ်တတ်သော၊ အပြစ်တစုံတရာ မကျူးလွန်မိဌ်လည်း ကြိုတင် ဆုံးမတတ်သော၊ ကျူးလွန်ပြီး မကောင်းမှုတို့ကိုလည်း ပြည့်ဆုံးမလေ့ရှိသောသူအား သူတော်ကောင်းတို့ ချစ်ခင်နှစ်သက်၏။ သူယုတ်မာတို့ မချစ် မနှစ်သက်ကြကုန်။

၄၈

ယုတ်ညံ့သော မိတ်ဆွေကို မဆည်းကပ်ရာ။ ယုတ်ညံ့သော ပုဂ္ဂိုလ်ကို မဆည်းကပ်ရာ။ မိတ်ဆွေကောင်းကို ဆည်းကပ်ရာ၏။ ပုဂ္ဂိုလ်မြတ်ကို ဆည်းကပ်ရာ၏။

၄၉

တရားအမြိုက် ရေကိုသောက်သုံးရသူသည် သန့်ရှင်း ကြည်လင်သောစိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အခါခပ်သိမ်း သူတော်ကောင်းတို့ ဟောအပ်သော ဗောဓိပက္ခိယတရား၌ မွေ့လျော်၏။

၈၀

လယ်သမားသည် မိမိအလိုရှိရာသို့ ရေကိုဆောင်ယူ၏။ လေးသမားသည် မြားကို ဖြောင့်အောင်ပြု၏။ သစ်ခွေသမားသည် အလိုရှိရာ ရအောင် သစ်ကို ခွေ၏။ ပညာရှိသည် မိမိကိုယ်ကို ဆုံးမ၏။

၈၁

တခဲနက်ဖြစ်သောကျောက်ဆောင်သည်အရပ်လေးမျက်နှာမှ လာသော လေကြောင့် မတုန်လှုပ်။ ပညာရှိသည် ကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်။

၈၂

နက်လှစွာသော သမုဒ္ဒရာသည် သန့်ရှင်း ကြည်လင်သကဲ့သို့ ပညာရှိသည် ဗုဒ္ဓ ဟောကြားသော တရားတော်ကို ကြားနာရသဖြင့် အထူးကြည်လင်ကုန်၏။

၈၃

ပညာရှိသူတော်ကောင်းတို့သည် ခန္ဓာငါးပါး အစရှိသော တရားတို့၌ တပ်မက်မှုကိုစွန့်လွှတ်ကုန်၏။ ကာမဂုဏ်ကို အလိုရှိသော သဘောဖြင့် မပြောဆိုကြကုန်။ ချမ်းသာဆင်းရဲနှင့် ကြုံတွေ့ရသော်လည်း တက်ကြွဝမ်းမြောက်ခြင်း၊ ညိုးငယ်ခြင်း သဘောကို မဖော်ပြကြကုန်။

၈၄

ပညာမည်သည် မိမိအတွက်ဖြစ်စေ၊ တပါးသူအတွက် ဖြစ်စေ မကောင်းမှုကိုမပြု။ မကောင်းမှုဖြင့် သားသမီး ဥစ္စာ တိုင်းပြည် အစရှိသည်တို့ကိုအလိုမရှိရာ။ မတရားသဖြင့် မိမိ၏ ပြည့်စုံခြင်းကို အလိုမရှိရာ။ ထိုသဘောရှိသူ ပုဂ္ဂိုလ်သည်သာ သီလရှိသူ၊ ပညာရှိသူ၊ တရားရှိသူဖြစ်သည်။

၈၅

လူအပေါင်းတွင် သံသရာတဖက်ကမ်း နိဗ္ဗာန်ကျွန်းသို့ ကူးမြောက်နိုင်သူနည်းပါးလှ၏။ အများစုသည် သက္ကာယဒိဋ္ဌိတည်း ဟူသော ဤမှာဘက်ကမ်း၌သာလျှင် ခေါက်တုန့် ခေါက်ပြန် ပြေးလွှားနေကြ၏။

၈၆

ကောင်းစွာဟောကြားအပ်သော တရားနှင့်အညီ ကျင့်ကြံကြသူတို့သာလျှင် ကူးမြောက်နိုင်ခဲသော သေခြင်းသံသရာကိုကူးခတ်၍ နိဗ္ဗာန်ကမ်းသို့တက်ရောက်နိုင်လတ္တံ့။

၈၇

ပညာရှိသည် မည်းညစ်သော အကုသိုလ်တရားကို စွန့်ပယ်၍ တဏှာညွှံတွင်းမှ ရုန်းထွက်ကာ နိဗ္ဗာန်ကိုအာရုံပြုလျက် ဖြူစင်သော ကုသိုလ်ကိုပွားများရာ၏။

၈၈

ပညာရှိသည် ကာမဂုဏ်ကို ပယ်ခွာ၍ စိုးရိမ်ခြင်းကင်းစင်လျက် ဝိဝေကတရား၌ မွေ့လျော်ခြင်းကို အလိုရှိရာ၏။ စိတ်ညစ်ညူးကြောင်းတရားတို့မှ မိမိကိုယ်ကိုဖြူစင်စေရာ၏။

၈၉

အကြင်ပုဂ္ဂိုလ်တို့သည် ဗောဇ္ဈင်တရား၌ စိတ်ကိုပွားများ၏။ ဥပါဒါန်အစွဲအလမ်းတို့ စွန့်လွှတ်၏။အာသဝေါကုန်ပြီဖြစ်သော ဘုန်းတန်ခိုးကြီးမားသော ယင်းပုဂ္ဂိုလ်တို့သည် ငြိမ်းချမ်းကြကုန်၏။

# ( ၇ )

# ရဟန္တာ

၉၀

စိုးရိမ်ခြင်းကင်းသော၊ ခန္ဓာအစရှိသည့်အလုံးစုံသော တရားတို့မှ လွတ်မြောက်သော၊အလုံးစုံသောအထုံးအဖွဲ့ကိုပယ်ပြီးသော သံသရာခရီး ကျင်လည်ပြီးသော ရဟန္တာ၌ ပူပန်မှုသည် မရှိတော့ချေ။

၉၁

သတိရှိသောပုဂ္ဂိုလ်တို့သည် သမထဝိပဿနာ၌ လုံ့လပြုကြကုန်၏။ ကာမဂုဏ်၌ မမွေ့လျော်ကြကုန်။ ဟင်္သာငှက်သည် ကျက်စားရာနွံအိုင်မှ စွန့်ခွာပျံသန်းသွားသကဲ့သို့ တဏှာဟူသမျှကို စွန့်ခွာကြကုန်၏။

၆၂

အကြင်ရဟန္တာပုဂ္ဂိုလ်တို့သည် ပစ္စည်းဥစ္စာ သိုမှီးခြင်းမရှိ။ ခံဘွယ်ဘောဇဉ်ကိုပိုင်းခြားလျက် သုံးဆောင်၏။ ရာဂနိမိတ် မရှိသောနိဗ္ဗာန်သည်ယင်းတို့၏ အာရုံကျက်စားရာဖြစ်၏။ ကောင်းကင်တွင် ငှက်တို့၏သွားရာလမ်းကို မမြင်နိုင်သကဲ့သို့ ထိုရဟန္တာပုဂ္ဂိုလ်တို့၏သွားရာကို မသိမြင်နိုင်။

၆၃

အကြင်ရဟန္တာ ပုဂ္ဂိုလ်တို့သည် အာသဝေါ ကုန်ခန်း၏။ အစာအာဟာရ၌လည်း တပ်မက်စွဲမှီခြင်းမရှိ။ ရာဂ ကင်းဆိတ်ရာဂနိမိတ်စင်ရာ နိဗ္ဗာန်၌သာ အာရုံကျက်စား၏။ ကောင်းကင်၌ ငှက်တို့၏ ခြေရာကိုမသိမြင်နိုင်သကဲ့သို့ ယင်းရဟန္တာပုဂ္ဂိုလ်တို့၏ခြေရာ (တည်းဟူသော သွားရာလမ်း) ကို မသိမြင်နိုင်။

၆၄

လေ့ကျင့်သင်ကြားပြီးဖြစ်သော မြင်းသည် ငြိမ်သက်တည်ကြည်သကဲ့သို့ အကြင်ရဟန္တာပုဂ္ဂိုလ်တို့၏ ဣန္ဒြေခြောက်ပါးတို့သည် ငြိမ်သက်တည်ကြည်ကြကုန်၏။ မာနကိုပယ်ပြီးဖြစ်၏။ အာသဝေါတရားလည်း မရှိ။ တာဒိဂုဏ်နှင့်လည်း ပြည့်စုံ၏။ ထိုရဟန္တာပုဂ္ဂိုလ်တို့အား နတ်တို့သည် ချစ်မြတ်နိုးကုန်၏။

## ၉၅

ရဟန္တာတို့သည် မြေကြီးပမာ သည်းခံစိတ်ရှိ၏။ တံခါးတိုင်ပမာ မယိမ်းမယိုင်တည်ကြည်၏။ အမျက်ဒေါသဖြင့်လည်း ဆန့်ကျင်လေ့မရှိ။ ရွှံ့ညွှံကင်းသော ရေအိုင်ကဲ့သို့ ရဟန္တာတို့၏ စိတ်သည် ကြည်လင်၏။ ယင်းတို့သည် သံသရာ၌ မကျင်လည်တော့ကုန်။

## ၉၆

တရားကို ပြီးဖြစ်သော၊ ကိလေသာမှ လွတ်မြောက်သော၊ ဖောက်ပြန်ခြင်းမရှိသော ရဟန္တာပုဂ္ဂိုလ်၏ စိတ်သည် ငြိမ်သက်၏။ အပြောအဆိုလည်း ငြိမ်သက်၏။ အပြုအမူလည်း ငြိမ်သက်၏။

## ၉၇

အကြင်သူသည် တပါးသူပြောစကားဖြင့် ယုံကြည်သူမဟုတ်ပဲ နိဗ္ဗာန်ကို ကိုယ်တိုင်သိသူဖြစ်၏။ ဝဋ်သုံးပါးအစပ်အဟပ်ကို ဖြတ်တောက်ပြီးသူလည်းဖြစ်၏။ ကုသိုလ်အကုသိုလ်၏ အကျိုးဆက်ကို ဖြတ်တောက်ပြီးသူလည်းဖြစ်၏။ အလုံးစုံသော တဏှာကို ထွေးအန်ပြီးသူလည်း ဖြစ်၏။ ထိုသူသည်သာ စင်စစ်ယောကျ်ားမြတ်ဖြစ်၏။

၉၇

ရွာဖြစ်စေ၊ တောဖြစ်စေ၊ နိမ့်ရာဖြစ်စေ၊ မြင့်ရာဖြစ်စေ ရဟန္တာပုဂ္ဂိုလ်တို့နေသော အရပ်သည် မွေ့လျော်ဖွယ်ဖြစ်၏။

၉၈

တောအရပ်သည် မွေ့လျော်ဖွယ်ဖြစ်၏။ သို့သော် လောကီအာရုံကာမဂုဏ်၌ ကျက်စားရှာမှီးသူတို့သည် တောအရပ်တွင် မပျော်ပိုက်ကြ။ ကာမကိုရှာမှီးခြင်းမရှိကြသော ရာဂကင်းသူပုဂ္ဂိုလ်တို့သည်သာ တောအရပ်ကိုမွေ့လျော်ကြကုန်၏။

# ( ၈ )

# ထောင်(အရေအတွက်)

၁၀၀

တောအကြောင်း တောင်အကြောင်း စကား အခွန်း တထောင်ထက် ကြားနာရလျှင် ရာဂ အစရှိရာ အပူမီး ငြိမ်းစေသော စကားပုဒ်တပုဒ်သည် သာလွန်မွန်မြတ်၏။

၁၀၁

အကျိုးမဲ့ဂါထာတထောင်ထက် ကြားနာရလျှင် ရာဂအစရှိရာအပူမီး ငြိမ်းအေးစေသော ဂါထာတဂါထာသည် သာလွန်မွန်မြတ်၏။

၁၀၂

အကျိုးမဲ့ဂါထာတရာကို ရွတ်ဆိုခြင်းထက် ကြားနာရလျှင် ရာဂအစရှိရာ အပူမီးငြိမ်းအေးစေသော တရားတပါးကိုရွတ်ဆိုခြင်းသည် သာလွန်မွန်မြတ်၏။

၁၀၃

သေနာပတိ တယောက်သည် တထောင်စီသော စစ်သည်တို့ကို အကြိမ်တထောင်မျှအောင်နိုင်၏။ သူရဲကောင်းတယောက်သည် မိမိ၏ကိုယ်တွင်းကိလေသာကို တကြိမ်မျှသာ အောင်နိုင်၏။ ကိုယ်တွင်း ကိလေသာကို အောင်နိုင်သော သူသည်သာ စစ်အောင်နိုင်သူတို့တွင် အမြင့်မြတ်ဆုံးဖြစ်၏။

၁၀၄/၁၀၅

ကိုယ်တွင်းကိလေသာရန်ကို နိုင်ခြင်းဖြင့် မိမိကိုယ်ကိုအောင်နိုင်ခြင်းသည် မြတ်၏။ လောင်းကစားမှုသည် စစ်တိုက်ခြင်းအထိ တပါးသူကို အောင်နိုင်ခြင်းဟူသရွေ့သည် မမြတ်။ မိမိကိုယ်ကိုဆုံးမပြီးသော ကိုယ်နှုတ်နှလုံး သုံးပါးလုံး စောင့်စည်းသောပုဂ္ဂိုလ်၏ အောင်မြင်ခြင်းကို နတ်သည်ရင်း၊ ဂန္ဓဗ္ဗနတ်သည်ရင်း၊ ဗြဟ္မာသည်ရင်း၊ မာရ်နတ်သည်ရင်း မတားမြစ်၊ မဖျက်ဆီးနိုင်ပေ။

## ၁၀၆

အနှစ်တရာတိုင် လစဉ်လစဉ် သူတော်ကောင်း မဟုတ်သူ (တက္ကတွန်းတို့)အား ငွေတစ်ထောင်အကုန်ခံ၍ ပေးလှူ ပူဇော်ခြင်းထက် ဝိပဿနာပွားများသော ရဟန်းအား တခဏမျှ ပူဇော်ခြင်းသည် ပို၍မြင့်မြတ်၏။

## ၁၀၇

အနှစ်တရာတိုင် တော၌မီးပူဇော်ခြင်းထက် ဝိပဿနာ ပွားများသော ရဟန်းတို့အား တခဏမျှပူဇော်ခြင်းသည် သာလွန် မြင့်မြတ်၏။

## ၁၀၈

လောက၌ကောင်းမှုကို အလိုရှိသူတို့သည် ယဇ်ကြီးယဇ်ငယ် ပူဇော်ခြင်းကို တနှစ်ပတ်လုံး ပြု၏။ ထိုပူဇော်ခြင်းသည် ဖြောင့် မတ်စွာ ကျင့်ကြံသော အရိယာပုဂ္ဂိုလ်တို့ကို ရှိခိုးခြင်းစေတနာ ကုသိုလ်၏ လေးပုံ တပုံမျှပင် (အဖိုးမထိုက်) မမွန်မြတ်။

## ၁၀၉

မိမိထက် ဂုဏ်အားဖြင့်၎င်း၊ အသက်အားဖြင့်၎င်း၊ သိက္ခာ အားဖြင့်၎င်း ကြီးမားသော ပုဂ္ဂိုလ်ကို အရိုအသေ ပြုလေ့ ရှိခိုးလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်း သာခြင်း၊ ခွန်အားကြီးခြင်း ဟူသော အကျိုးတရား လေးပါးတို့ တိုးပွားကုန်၏။

၁၁၀

သီလသမာဓိ မရှိဘဲ အနှစ်တရာ အသက်ရှည်နေခြင်းထက် သီလရှိ၍ ဝိပဿနာ ရှုနေသော တရက်မျှ အသက်ရှည်ခြင်းသည် ပို၍ မြတ်၏။

၁၁၁

ပညာမရှိ၊ သမာဓိမရှိဘဲ အနှစ်တရာ အသက်ရှည်နေရခြင်း ထက်၊တရားပညာရှိ၍ သမထ ဝိပဿနာ ရှုသူ ပုဂ္ဂိုလ်၏ တရက်မျှ အသက်ရှည်ရခြင်းသည် ပို၍ မြတ်၏။

၁၁၂

အနှစ်တရာတိုင် ပျင်းရိစွာ အသက်ရှည်ရခြင်းထက် ဝီရိယကို မြဲမြံစွာ အားထုတ်ရသူ၏ တရက်မျှ အသက် ရှည်ရခြင်းသည် ပို၍ မွန်မြတ်၏။

၁၁၃

ခန္ဓာငါးပါး၏ ဖြစ်ခြင်းပျက်ခြင်း သဘောကို မရှုမမြင်ဘဲ အနှစ်တရာဘိုင်အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါး၏ ဖြစ်ခြင်း ပျက်ခြင်း သဘောကို မပြတ်ရှုသူ၏ တရက်မျှ အသက်ရှည်ရ ခြင်းသည် ပို၍ မြင့်မြတ်၏။

၁၁၄

သေခြင်းကင်းရာနိဗ္ဗာန်ကိုမသိမြင်ဘဲ အနှစ်တရာတိုင်အသက်ရှည်ရခြင်းထက် နိဗ္ဗာန်ကို သိမြင်သူ၏ တရက်မျှ အသက်ရှည်ရခြင်းသည် သာလွန်ကောင်းမြတ်၏။

၁၁၅

မြတ်သော လောကုတ္တရာတရားကို မမြင်ဘဲ အနှစ်တရာတိုင် အသက်ရှည်ရခြင်းထက် မြတ်သော လောကုတ္တရာ တရားကို မြင်သူ၏ တရက်မျှ အသက်ရှည်ရခြင်းသည် ပို၍ မြတ်၏။

# (၉)

# မကောင်းမှု

၁၁၆

မကောင်းမှု၌ စိတ်သည် မွေ့လျော်တတ်၏။ ကောင်းမှု ပြုသောအခါစိတ်သည်တုန့်နှေးတတ်၏။ထို့ကြောင့် မကောင်းမှု မပြုရန် စိတ်ကိုတားမြစ်၍ ကောင်းမှုကို ဆောလျင်စွာ ပြုရာ၏။

၁၁၇

မကောင်းမှုကို(တကြိမ်)ပြုမိစေကာမူ ထပ်ခါထပ်ခါ မပြုရာ။ထိုမကောင်းမှု၌အလိုဆန္ဒမရှိရာ။ မကောင်းမှုကို ပွားစေခြင်းသည် ဆင်းရဲ၏ အကြောင်းတည်း။

၁၁၈

ကောင်းမှုကို တကြိမ်ပြုမိလျှင် ထပ်ခါထပ်ခါ ပြုရာ၏။ ထိုကောင်းမှု၌သာ အလိုဆန္ဒ ရှိရာ၏။

၁၁၉

မကောင်းမှု ပြုသူသည် အကျိုးမပေးသေးသော ကာလပတ်လုံး ကောင်းကျိုးကို တွေ့မြင်ရ၏။ မကောင်းမှု အကျိုးပေးသောအခါ၌ကား မကောင်းကျိုး ဆင်းရဲဒုက္ခနှင့် တွေ့ကြုံရပေ၏။

၁၂၀

ကောင်းမှုပြုသူသည် မိမိပြုသော ကောင်းမှုအကျိုး မပေးသေးစဉ် မကောင်းသော အာရုံကို တွေ့မြင်ရ၏။ ကောင်းမှုအကျိုး ပေးသော အခါ၌ကား ကောင်းကျိုးချမ်းသာကို ရရှိစေ၏။

၁၂၁

အနည်းငယ်မျှသော မကောင်းမှုသည် ငါ့အား အကျိုးသက်ရောက်မည် မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေစက်သည် ကျဖန်များသော် ရေအိုးကို ပြည့်စေသကဲ့သို့ အနည်းငယ် အနည်းငယ်သော မကောင်းမှုကို ပြုဖန်များသော် လူမိုက်သည် မကောင်းမှုဖြင့် ပြည့်လေ၏။

၁၂၂

အနည်းငယ်မျှသော မကောင်းမှုသည်ငါ့အား အကျိုးသက်ရောက်မည် မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေစက်သည် ကျဖန်များသော် ရေအိုးကို ပြည့်စေသကဲ့သို့ အနည်းငယ် အနည်းငယ်သော ကောင်းမှုကို ပြုဖန်များသော် ပညာရှိသည် ကောင်းမှုဖြင့် ပြည့်လေ၏။

၁၂၃

ပစ္စည်းဥစ္စာ များစွာရှိ၍ အဖော်နည်းသော ကုန်သည်သည် အန္တရာယ်များသောခရီးကို ရှောင်ကြဉ်၏။ အသက်ရှင်လိုသူသည် အဆိပ်ကို ရှောင်ကြဉ်၏။ ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်၏။

၁၂၄

အနာမရှိသောလက်ဖြင့် အဆိပ်ကို ကိုင်တွယ်နိုင်၏။ အနာမရှိသောလက်ကို အဆိပ်သည် မတက်နိုင်။ ထို့အတူ စေတနာမပါဘဲ ပြုသူ၌ မကောင်းမှု ကံ ဟူသည် မရှိ။

၁၂၅

လေညာသို့ လွှင့်ပစ်လိုက်သော မြူမှုန့်သည် ထိုသူ၏အထံသို့ ပြန်လည် ကျရောက်သကဲ့သို့ မပြစ်မှားအပ်သော ကိလေသာကင်းသူ ရဟန္တာ ပုဂ္ဂိုလ်အား ပြစ်မှားသော သူမိုက်၏ မကောင်းမှု အပြစ်သည် ထိုသူမိုက်သို့သာ ရှေ့ရှု ကျရောက်လေ၏။

## ၁၂၆

လူအချို့သည် အမိဝမ်းဝယ် ပဋိသန္ဓေ နေရကုန်၏။ (လူပြန်ဖြစ်ကြကုန်၏။)မကောင်းမှု ပြုသူသည် ငရဲ၌သာ ဖြစ်ကုန်၏။ ကောင်းမှုပြုသူသည် နတ်ပြည်၌ ဖြစ်ကုန်၏။ အာသဝေါကင်းသော ရဟန္တာပုဂ္ဂိုလ်တို့သည် ပရိနိဗ္ဗာန်စံရကုန်၏။

## ၁၂၇

မကောင်းမှုပြုသူအဖို့ ကောင်းကင်၌ရှင်း၊ သမုဒ္ဒရာ၌ရှင်း၊ တောင်ခေါင်းထဲ၌ရှင်း နေသဖြင့် မကောင်းမှုမှ မလွတ်မြောက်ရာ။ မကောင်းမှုမှ လွတ်မြောက်ရာ အရပ်ဟူသည် မရှိနိုင်။

## ၁၂၈

မကောင်းမှု ပြုသူသည် ကောင်းကင်၌ရှင်း၊ သမုဒ္ဒရာ၌ရှင်း၊ တောင်ခေါင်းထဲ၌ရှင်းနေခြင်းအားဖြင့်သေမင်း၏လက်မှမလွတ်ရာ။ သေမင်း၏ ညှဉ်းဆဲခြင်းကင်းသည် မရှိနိုင်။

# ( ၁၀ )

# ဒဏ်

၁၂၉

အလုံးစုံသောသတ္တဝါတို့သည် ဒဏ်ကိုထိတ်လန့်ကုန်၏။သေခြင်းကို ကြောက်ရွံ့ကုန်၏။ မိမိကိုယ်ကိုပမာပြု၍ သတ္တဝါတို့ကို မညှဉ်းဆဲ မသတ်ဖြတ်ရာ။

၁၃၀

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်ကိုထိတ်လန့်ကုန်၏။ မိမိတို့၏အသက်ကို ချစ်ကြကုန်၏။ မိမိကိုယ်ကိုပမာပြု၍ သတ္တဝါတို့ကို မညှဉ်းဆဲ မသတ်ဖြတ်ရာ။

၁၃၁

အလုံးစုံသော သတ္တဝါတို့သည် ချမ်းသာကိုအလိုရှိကုန်၏။ မိမိချမ်းသာရရေးအတွက် သူတပါးအား တုတ်လှံလက်နက်ဖြင့် ညှဉ်းဆဲသူသည် နောင်ဘဝ၌ ချမ်းသာကိုမရနိုင်။

၁၃၂

အလုံးစုံသော သတ္တဝါတို့သည် ချမ်းသာကိုအလိုရှိကုန်၏။ မိမိချမ်းသာရရှိရေးအတွက် သူတပါးအား တုတ်လှံ လက်နက်ဖြင့် မညှဉ်းဆဲသူသည် တမလွန်ဘဝ၌ ချမ်းသာကိုရနိုင်၏။

၁၃၃

မည်သူ့ကိုမျှ ကြမ်းကြုတ်သောစကားကို မဆိုလင့်။ သင့်ကိုလည်း ပြန်လှန်၍ ဆိုကြကုန်လိမ့်။ ချုပ်ချယ်သောစကားသည် ဆင်းရဲ၏ အကြောင်းတည်း၊ သူတပါးကို ဒဏ်ပြုလျှင် မိမိလည်းတုံ့ပြန်ခံစားရ၏။

၁၃၄

အနားပြတ်သော ခေါင်းလောင်းသည် အသံမထွက်သကဲ့သို့ မိမိကိုယ်ကို ငြိမ်းသတ်အောင် စောင့်ရှောက်သူသည် နိဗ္ဗာန်သို့ ရောက်၏။ ထိုသူ၌ ချုပ်ချယ်မှုသည်မရှိ။

## ၁၃၅

နွားကျောင်းသားသည် နွားတို့ကိုနှင်တံဖြင့် စားကျက်သို့ မောင်းနှင်သည့်ပမာ အိုခြင်း၊ သေခြင်းသည် သတ္တဝါတို့၏ အသက်ကို မောင်းနှင်ကုန်၏။

## ၁၃၆

သူမိုက်သည် မကောင်းမှုကို ပြုသော်လည်း ပြုမိမှန်းမသိ။ သို့သော် မိမိပြုသော မကောင်းမှုကံကြောင့် မီးလောင်သူပမာ ပူပန်ရချေ၏။

## ၁၃၇/၁၃၈/၁၃၉/၁၄၀

အပြစ်ကင်းသော မပြစ်မှားအပ်သော ရဟန္တာပုဂ္ဂိုလ်တို့ကို တုတ်လှံ လက်နက်တို့ဖြင့် ပြစ်မှားသောသူမိုက်သည် ဆင်းရဲကြောင်းဒဏ်ဆယ်ပါးအနက်တပါးပါးသို့ လျင်စွာဆိုက်ရောက်ရ၏။ ပြင်းထန်သော ဝေဒနာခံစားရခြင်း၊ ဥစ္စာဆုံးရှုံးခြင်း၊ ကိုယ်အင်္ဂါပျက်စီးခြင်း၊ ကြီးလေးသော (နူနာစသည့်) အနာစွဲကပ်ခြင်း၊ ရူးသွပ်ခြင်း၊ မင်းပြစ်မင်းဒဏ် သင့်ခြင်း၊ ကြမ်းကြုတ်စွာ အစွပ်စွဲခံရခြင်း၊ အဆွေအမျိုး ပျက်ပြားခြင်း၊ စည်းစိမ်ဥစ္စာ ယိုယွင်း ပြောင်းလဲခြင်း စသောဒဏ်ကို ခံရ၏။ ထို့ပြင် ထိုသူ၏အိမ်တို့ကို ပကတိမီးသည်ငှင်း၊ လောင်မီးသည်ငှင်း ကျရောက် ကျွမ်းလောင်၏။ ယင်း၏အခြားမဲ့ သေသည့်နောက်၌လည်း ငရဲသို့ရောက်ရ၏။

၁၄၁

အဝတ်မဝတ်ပဲကျင့်ခြင်း၊ ဆံကျစ်ထုံး၍ ကျင့်ခြင်း၊ ရွှံ့သို့ လိမ်းကျံ၍ ကျင့်ခြင်း၊ အစာငတ်ခံ၍ ကျင့်ခြင်း၊ မြေ၌အိပ်၍ ကျင့်ခြင်း၊ မြူမှုန်အထပ်ထပ်တင်စေ၍ကျင့်ခြင်း၊ ဆောင့်ကြောင့် ထိုင်၍ ကျင့်ခြင်း စသည်တို့သည် သစ္စာလေးပါး၌ ယုံမှားခြင်း မကင်းသော သတ္တဝါတို့ကို မစင်ကြယ်နိုင်ကုန်။

၁၄၂

အကြင်သူသည် ကိလေသာငြိမ်း၏။ ဣန္ဒြေကို ဆုံးမပြီးဖြစ်၏။ မဂ်လေးပါးဖြင့် မြဲ၏။ မြတ်သောအကျင့်ရှိ၏။ အားလုံးသောသတ္တဝါတို့ကို တူညီသော မေတ္တာထား၏။ ထိုသူသည် အဝတ်တန်ဆာဆင်ယင်ထားသော်လည်း မကောင်းမှုမှ အပဖြစ်သူ ဗြာဟ္မဏမည်၏။ ကိလေသာငြိမ်းသူ သမဏမည်၏။ ကိလေသာကို ဖျက်ဆီးပြီးသူ ဘိက္ခုမည်၏။

၁၄၃

မြင်းကောင်းသည် နှင်တံကိုရှောင်ကြဉ်သကဲ့သို့ မိမိ၏သတိကို နိုးကြားစေသော မကောင်းမှုကို ရှက်ကြောက်ခြင်းဖြင့် တားမြစ်နိုင်သော ပုဂ္ဂိုလ်မျိုးသည် ဤလောက၌ ရှားပါးလှချေ၏။

၁၄၄

ကြိမ်ဖြင့် အတို့ခံရသော မြင်းကောင်းပမာ လုံ့လရှိကုန်လော့။ (သံသရာဝဋ်ဆင်းရဲကို) ထိတ်လန့်ကြကုန်လော့။ ယုံကြည်ခြင်း၊ သီလရှိခြင်း၊ လုံ့လဝီရိယရှိခြင်း၊ တည်ကြည်ခြင်း၊ ဆုံးဖြတ်နိုင်သောဉာဏ်ရှိခြင်းတို့ဖြင့် ပြည့်စုံသော ဝိဇ္ဇာစရဏဖြင့် အတိုင်းမသိ ရှည်လျားသော သံသရာကို စွန့်ပယ်ကြကုန်လော့။

၁၄၅

လယ်သမားသည် အလိုရှိရာသို့ ရေကိုဆောင်ယူ၏။ လေးသမားသည် မြားကိုဖြောင့်အောင်ပြု၏။ သစ်ရွေသမားသည် အလိုရှိရာရအောင် သစ်ကိုရွေယူ၏။ ကောင်းမွန်သည့် အကျင့်ရှိသူ သူတော်ကောင်းသည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကုန်၏။

# ( ၁၁ )

# အိုခြင်း

၁၄၆

ကိလေသာမီးအမြဲမပြတ် တောက်လောင်နေပါလျက် လူအပေါင်းသည် အဘယ့်ကြောင့်ပျော်ရွှင်အားရ ရယ်မောနှစ်သက်နေကြသနည်း။ အဝိဇ္ဇာအမိုက်အမှောင်ဖြင့် ပိတ်ဆီး အုပ်ဆိုင်းထားပါလျက် သင်တို့သည်အဘယ်ကြောင့် ပညာဆီမီးကို မရှာမှီးဘဲ နေကြကုန်သနည်း။

၁၄၇

အဆန်းတကြယ်လည်းဖြစ်သော အနာရောဂါစုပေါင်းကျ ရောက်ရာဖြစ်သော အရိုးစုတို့ဖြင့် ဆောက်လုပ်ထားအပ်သော လူများစွာတို့ အထူးထူးအပြားပြား ကြံစည်ကြကုန်သောခန္ဓာ ကိုယ်ကို ရှုကြကုန်လော့။ အမြဲအရှည်တည်နေခြင်းသည် မရှိ သည်တကား။

၁၄၈

ဤရုပ်ခန္ဓာသည် ဆွေးမြေ့အိုမင်းတတ်၏။ အနာရောဂါ တို့၏ တည်ရာလည်းဖြစ်၏။ ယိုယွင်းပျက်စီးတတ်၏။ အသက်ရှင် နေထိုင်ရခြင်း၏ အဆုံးသည် သေခြင်းဖြစ်ရကား ဤခန္ဓာကိုယ် သည်လည်း ပုပ်သိုးပျက်စီးရလတ္တံ့။

၁၄၉

တန်ဆောင်မုန်းလအခါ၌ စွန့်ပစ်အပ်သော ဗူးသီးခြောက် ပမာ ဖြူမွဲသောအဆင်းရှိသည့် အရိုးစုကိုမြင်ရ၍ (သင်သည်) အဘယ်မှာလျှင် မွေ့လျော်ဖွယ်ရှိနိုင်အံ့နည်း။

၁၅၀

အရိုးစုတို့ကို စိုက်ထူပြီး အသွေးအသားတို့ဖြင့် လိမ်းကျံ ထားသော ခန္ဓာကိုယ်တည်းဟူသောမြို့ကို တဏှာလက်သမား သည် ဆောက်လုပ်၏။ ယင်းမြို့၌အိုခြင်း၊ သေခြင်း၊ မာန ထောင်လွှားခြင်းနှင့် သူတပါး၏ဂုဏ်ကျေးဇူးကို ဖျက်ဆီးခြင်း တို့သာ တည်ရှိလေ၏။

၁၅၁

အဆန်းတကြယ် တန်ဆာ ဆင်ထားသော မင်း၏ ရထား သည်လည်း၊ ဆွေးမြေ့ပျက်စီးရချေသည်။ ထို့အတူ ခန္ဓာကိုယ် သည်လည်း အိုမင်းဆွေးမြေ့ရချေ၏။ သူတော်ကောင်းတရားတို့ သည်ကား ဆွေးမြေ့ အိုမင်းခြင်းမရှိနိုင်။ (သူတော်ကောင်း အချင်းချင်း ဆွေးနွေးပြောကြား ကြကုန်သည်သာ။)

၁၅၂

အကြားအမြင်နည်းသော ယောကျာ်းသည် နွားလားပမာ ကြီးထွားလာ၏။ ယင်း၌ အသားသာလျှင်တိုးပွား၏။ ပညာ ကားမတိုးပွား။

# ဗုဒ္ဓ၏ ဥဒါန်း

၁၅၃/၁၅၄

ခန္ဓာအိမ်ကို တည်ဆောက်သူ တဏှာလက်သမားအား ရှာဖွေသောငါသည် မြင်တွေ့နိုင်သော ဉာဏ်ကို မရသေးခဲ့သဖြင့် ဘဝများစွာ သံသရာ၌ ကျင်လည်ခဲ့ရသည်။ အဖန်ဖန် ပဋိသန္ဓေနေရခြင်းကား ဆင်းရဲလှစွာ၏။

ခန္ဓာအိမ်ကိုဆောက်လုပ် တတ်သော ဟယ် တဏှာလက်သမား။

ငါသည် သင့်အား ပညာ မျက်စိဖြင့် ယခုမြင်အပ်ပြီ။ ငါ့အတွက် ခန္ဓာအိမ်ကို နောက်တဖန် သင် ဆောက်လုပ်ရတော့မည်မဟုတ်။

ကိလေသာ တည်းဟူသော သင်၏ အခြင်သွယ် အားလုံးကို ငါချိုးဖျက်အပ်ပြီ။

အဝိဇ္ဇာတည်းဟူသော အိမ်အထွဋ်ကိုငါဖြိုဖျက်အပ်ပြီ။ ငါ၏ စိတ်သည်ပြုပြင်ခြင်း ကင်းရာ နိဗ္ဗာန်သို့ ရောက်ပြီ။ တဏှာကုန်ခန်းရာ အရဟတ္တဖိုလ်ကို ငါသည်ရပြီ။

၁၅၅

အရွယ်ရှိခိုက်တွင် မြတ်သော အကျင့်ကိုလည်း မကျင့်ကြံခဲ့၊ ပစ္စည်း ဥစ္စာလည်းမရရှိခဲ့သော သူမိုက်သည် (အရွယ်လွန်သော အခါ၌) ငါးကုန်ခန်းသော ညွံအိုင်အပါးမှ အုတ်တောင်ကျွတ်သော ကြိုးကြာငှက်အိုပမာ မှိုင်တွေနေကုန်၏။

၁၅၆

အရွယ်ရှိခိုက်တွင် မြတ်သောအကျင့်ကိုလည်း မကျင့်ကြံခဲ့၊ ပစ္စည်းဥစ္စာလည်း မရရှိခဲ့သော သူမိုက်သည် (အရွယ်လွန်သော အခါ) လေးမှပစ်လွှတ်ပြီး အရှိန်ကုန်သွားသော မြားပမာ ရှေးဖြစ်ဟောင်း(စံစားခဲ့ရသမျှ)ကိုသာညည်းတွားကာအောက်မေ့နေကြရကုန်၏။

# ( ၁၂ )
# မိမိ

၁၅၇

မိမိကိုယ်ကို မိမိချစ်လျှင် ကောင်းစွာ စောင့်ရှောက်ခြင်းဖြင့် စောင့်ရှောက်ရာ၏။ပညာရှိသည် အရွယ်သုံးပါးတွင် တပါးပါးသော အရွယ်၌ (မကောင်းမှုမှ စင်ကြယ်အောင်) လုံ့လထုတ်ရာ၏။

၁၅၈

ရှေးဦးစွာ မိမိကိုယ်ကို သင့်လျော်မြင့်မြတ်သောအကျင့်ရှိစေရာ၏။ ထို့နောက်မှ သူတပါးအား ဆုံးမရာ၏။ ပညာရှိသည် သူတပါး ကဲ့ရဲ့ခြင်းဖြင့် မညစ်နွမ်းစေရာ။

၁၅၉

သူတပါးကို ဆုံးမသောနည်းအတိုင်း မိမိကိုယ်တိုင်လိုက်နာပြုကျင့်ရာ၏။ မိမိကိုယ်ကို ဆုံးမပြီးမှသာ သူတပါးကို ဆုံးမရာ၏။ မိမိကိုယ်ကို ဆုံးမခြင်းသည် စင်စစ် ခဲယဉ်းလှသည်တကား။

၁၆၀

မိမိသည်သာလျှင် မိမိ၏ ကိုးကွယ်ရာဖြစ်၏။ သူတပါးသည် အဘယ်မှာလျှင် မိမိ၏ကိုးကွယ်ရာ ဖြစ်နိုင်အံ့နည်း။ မိမိကိုယ်ကို မိမိ ယဉ်ကျေးအောင် ကောင်းစွာ ဆုံးမမှသာလျှင် ရောက်နိုင်ခဲသော နိဗ္ဗာန်ကို ရောက်နိုင်၍ ရနိုင်ခဲသော အရဟတ္တဖိုလ်ကို ရနိုင်၏။

၁၆၁

ကျောက်မှဖြစ်သော စိန်သည် မိမိတည်ရာ ကျောက်ကိုပင် ထွင်းဖောက်ဖျက်ဆီးသကဲ့သို့ မိမိပြုသော မကောင်းမှုသည် မိမိကိုပင် ပြန်လည် ဖျက်ဆီးလေ၏။

၁၆၂

မာလောနွယ်သည် ယင်း၏ တည်ရာသစ်ပင်ကို ပြန်လည် ရစ်ပတ်သကဲ့သို့ သီလမဲ့ခြင်း၏ အရင်းခံဖြစ်သော တဏှာ၏ လွှမ်းမိုးခြင်းခံရသူသည် မိမိ၏ အကျိုးမဲ့ရာ မဲ့ကြောင်းကို မိမိကိုယ်တိုင်ပင် ပြုလုပ်လေ၏။

၁၆၃

အပြစ်လည်းမကင်းသော၊ မိမိ၏ အကျိုးစီးပွားလည်း မရှိသော အမှုမျိုးသည် ပြုလွယ်ကုန်၏။ အပြစ်ကင်း၍ အကျိုးရှိသော အမှုမျိုးကိုမူ ပြုလုပ်နိုင်ခဲ၏။

၁၆၄

ပညာမဲ့သူသည် မှားယွင်းသော အယူအဆကို လက်ကိုင်ပြု၍ ပူဇော်ထိုက်သူ၊ တရားသဖြင့် အသက်မွေးသူ အရိယာ ပုဂ္ဂိုလ်တို့၏ အဆုံးအမကို ရှုတ်ချတားမြစ်လေသည်။ ဝါးသီးသည် ဝါးပင်ကိုသတ်ရန် သီးလာရသကဲ့သို့ ထိုပညာမဲ့၏ အယူသည်ယင်း၏ ကိုယ်ကို သတ်ဖြတ်ရန်သာ ဖြစ်လေ၏။

၁၆၅

မကောင်းမှုကို မိမိပြုလျှင် မိမိသည်သာ ပူပန် ညစ်ညူးရ၏။ မကောင်းမှုကို မိမိမပြုလျှင် မိမိသည်သာ စင်ကြယ်ရာ၏။ တစုံတယောက်သည် အခြားသူ တယောက်၏ ကိလေသာ အညစ်အကြေးကို စင်ကြယ်အောင် မသုတ်သင်နိုင်။

၁၆၆

သူတပါး၏ များစွာသော အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွားကို အနည်းငယ်မျှ မဆုတ်ယုတ် စေရာ။ မိမိ၏ အကျိုးစီးပွားကို မိမိနားလည် သိမြင်ရာ၏။ တိုးပွားအောင် လေ့ကျင့်အားထုတ်ရာ၏။

# (၁၃)

# လောက

၁၆၇

ယုတ်ညံ့သော (ကာမဂုဏ်)တရားကို မမှီဝဲရာ။ မေ့မေ့လျော့လျော့မနေရာ။ အယူမှားကို လက်မခံရာ။ လောကကြီးပွားရေးအတွက် သက်သက်မဖြစ်ရာ။

၁၆၈

(မိမိပြုရမည့်အမှု)၌ မမေ့မလျော့ရာ။ သုစရိုက်ကောင်းတရားကို ကျင့်ရာ၏။ တရားကျင့်ကြံ အားထုတ်သူသည် ဤဘဝ၌ရင်း၊တမလွန်၌ရင်း ချမ်းသာစွာနေရ၏။

၁၆၉

သူ့စရိုက်တရားကို ကျင့်ရာ၏။ ဒုစရိုက်တရားကို မကျင့်ရာ။ တရားကျင့်ကြံသူသည် ဤလောက၌၎င်း၊ တမလွန်၌၎င်း ချမ်းသာစွာနေရ၏။

၁၇၀

(ခန္ဓာငါးပါးအစရှိသော) လောကကို ရေပြင်ကို ရှုမြင်သကဲ့သို့၎င်း၊ တံလျှပ်ကို ရှုမြင်သကဲ့သို့၎င်း(ခန္ဓာငါးပါးအစရှိသော) လောကကို ရှုမြင်သူအား သေမင်းသည် မမြင်နိုင်။

၁၇၁

ရှုကြကုန်လော့။ ရတနာခုနစ်ပါးဖြင့် မွမ်းမံပြင်ဆင်ထားသော မင်းစီးရထားပမာ အဝတ်တန်ဆာ အဆန်းတကြယ်ဖုံးလွှမ်းလျက်ရှိသည့် ခန္ဓာကိုတည်းဟူသော လောကကို ရှုကြကုန်လော့။ လူမိုက်တို့သည် ဤလောကကို စွဲလမ်း နစ်မြုပ်ကုန်၏။ ပညာရှိတို့သည် ဤလောကကို ကပ်ငြိ တွယ်တာ ခြင်း မရှိကုန်။

၁၇၂

ရှေးအခါက(ကုသိုလ်ကောင်းမှု၌) မေ့လျော့ခဲ့သော်လည်း နောင်အခါ မမေ့မလျော့သော သူသည် တိမ်တိုက်မှ ကင်းစင်သော လမင်းပမာ ဤလောကကို (မဂ်ဉာဏ်ရောင်ဖြင့်) လင်းစေ၏။

၁၇၃

ပြုခဲ့ဘူးသော မကောင်းမှုကို ကောင်းမှုဖြင့် ဖုံးအုပ်သူသည် တိမ်တိုက်မှ လွတ်သော လမင်းပမာ ဤလောကကို (မဂ်ဥာဏ်ရောင်ဖြင့်) ထွန်းပစေ၏။

၁၇၄

မြောက်မြားစွာသော လူအပေါင်းသည် ပညာမျက်စိမရှိ။ အကန်းအတိသာ ဖြစ်ကုန်၏။ အနည်းငယ်မျှသော လူတို့သည်သာ အနိစ္စစသော သဘောကို မြင်ကြကုန်၏။ ပိုက်ကွန်မှ လွတ်မြောက်သော ငှက်အရေအတွက်သည် နည်းပါးလှသကဲ့သို့ နတ်ရွာ နိဗ္ဗာန်ရောက်သူ အရေအတွက်သည် နည်းပါးလှချေ၏။

၁၇၅

ဟင်္သာငှက်တို့သည် ကောင်းကင်၌ သွားကုန်၏။ တန်ခိုးရှင်တို့သည် ကောင်းကင်၌ သွားကုန်၏။ ပညာရှိသည် မာရ်မင်း၏ စစ်သည်တို့ကို တိုက်ခိုက် အောင်မြင်လျက် ဤလောကမှ ထွက်မြောက်ကုန်၏။

၁၇၆

အမှန်တရားကို လွန်ကျူး၍မဟုတ်မမှန်သော စကားကိုသာ ပြောလေ့ရှိပြီး၊ နောင် ဘဝအတွက် ဆင်ခြင် စဉ်းစားလေ့ အလျဉ်းမရှိသူ၌ မပြုနိုင်သော မကောင်းမှုဟူသည်မရှိ။

၁၄၄

စေးနှဲဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိတို့သည်သာ အလှူဒါနကို ဝမ်းမြောက်စွာ ချီးမွမ်းကြကုန်၏။ ထို့ကြောင့် ပညာရှိတို့သည် တမလွန်၌ ချမ်းသာရ၏။

၁၄၅

မြေတပြင်လုံးကို အစိုးရသည်ထက်ငြား၊ နတ်ပြည် ဗြဟ္မာပြည်ရောက်သည်ထက်ငြား၊ တလောကလုံးကို ပိုင်ဆိုင်သည်ထက်ငြား သောတာပန်ဖြစ်ရခြင်းသည် မြတ်၏။

# (၁၄)

## ဗုဒ္ဓ

၁၇၉

ဗုဒ္ဓ၏ ကိလေသာ အောင်ပွဲကို မည်သူမျှမဖျက်ဆီးနိုင်။ မည်သူမျှ မတုပနိုင်။ အပိုင်းအခြားမရှိ အလုံးစုံ သိမြင်သည့် ဉာဏ်ရှိတော်မူသော၊ တဏှာခရီးကို ပယ်ဖျက်ပြီး ဖြစ်သော မြတ်စွာဘုရားကို သင်တို့သည် အဘယ်ခရီး လမ်းကြောင်းဖြင့် ခေါ်ဆောင်နိုင်အံ့နည်း။

၁၈၀

အကြင် မြတ်စွာဘုရားအား တစုံတခုသောလောကသို့ ခေါ်ဆောင်ရန် ပိုက်ကွန်ပမာ ငြိကပ် တွယ်တာတတ်သော တဏှာသည် မရှိ။ အပိုင်းအခြားမရှိ အလုံးစုံ သိမြင်နိုင်သော၊ ဉာဏ်ရှိတော်မူသော၊တဏှာခရီး ပယ်ဖျက်ပြီးသောမြတ်စွာဘုရားအား သင်တို့သည် အဘယ်ခရီးလမ်းဖြင့် ခေါ်ဆောင်နိုင်အံ့နည်း။

၁၀၁

အကြင်ပညာရှိတို့သည် ဈာန်တရားကို အားထုတ်ကြကုန်၏။ ကာမဂုဏ်မှ လွတ်မြောက်မှု၊ ကိလေသာ ငြိမ်းမှု၌ မွေ့လျော်ကြကုန်၏။ သစ္စာလေးပါး တရားကိုကောင်းစွာသိကုန်၏။ သတိအထူးရှိကြကုန်၏။ ထိုပညာရှိတို့အား နတ်တို့သည်ချစ်မြတ်နိုးကြကုန်၏။

၁၀၂

လူအဖြစ်ကို ရခြင်းသည် ခဲယဉ်း၏။ သတ္တဝါတို့ အသက်ရှင်ခြင်းသည် ခဲယဉ်း၏။ သူတော်ကောင်း တရားကို ကြားနာရခြင်းသည် ခဲယဉ်း၏။ ဘုရားရှင်တို့ ပွင့်ထွန်း ပေါ်ပေါက်လာခြင်းသည်ခဲယဉ်း၏။

၁၀၃

မကောင်းမှုဟူသမျှကို မပြုရာ၊ ကုသိုလ်ကောင်းမှုဖြင့် ပြည့်စုံစေရာ၏။ မိမိစိတ်ကို ဖြူစင်စေရာ၏။ ဤကား ဘုရားရှင်တို့၏ အဆုံးအမတော်တည်း။

၁၀၄

သည်းခံမှုသည် မြတ်သောအကျင့်တည်း၊ နိဗ္ဗာန်သည် အလွန်မြတ်သည်ဟု ဘုရားရှင်တို့ ဟောတော်မူကုန်၏။ ရဟန်းဟူသည် သူတပါးကိုမညှဉ်းဆဲကြကုန်။ သူတပါးကို ညှဉ်းဆဲသူသည်ရဟန်း မဟုတ်ကုန်။

၁၈၅

သူတပါးကို မကဲ့ရဲ့မစွပ်စွဲမညှဉ်းဆဲရာ။ ပါတိမောက္ခသံဝရ သီလကို စောင့်ရှောက်ရာ၏။ အစားအစာ၏ အတိုင်း အဆကို သိရာ၏။ဆိတ်ငြိမ်ရာအရပ်၌နေရာ၏။ သမာပတ်ရှစ်ပါးဟူသော အဓိစိတ္တသိက္ခာကို ပွားများအားထုတ်ရာ၏။ဤကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

၁၈၆/၁၈၇

ရွှေမိုးငွေမိုးရွာသဖြင့်လည်း ကာမဂုဏ်တင်းတိမ် ရောင့်ရဲမှုသည် မရှိ။ စင်စစ် ကာမဂုဏ်သည် သာယာအပ်သော သဘောမဟုတ်။ ဆင်းရဲခြင်းအကြောင်း ဖြစ်ကုန်၏။ ယင်းကို သိမြင်သော မြတ်စွာဘုရား၏ တပည့်ပညာရှိသည် နတ်တို့၏ ကာမဂုဏ်လည်း မမွေ့လျော်ကုန်။ တဏှာကုန်ရာနိဗ္ဗာန်သာလျှင်မွေ့လျော်ကြကုန်၏။

၁၈၈/၁၈၉/၁၉၀/၁၉၁/၁၉၂

ကြောက်ရွံ့ထိတ်လန့်ကုန်သော လူများစွာတို့သည် တောတောင် သစ်ပင် အရံအတားတို့ကို ကိုးကွယ်ကြကုန်၏။

ယင်းသို့ ကိုးကွယ်ခြင်းသည် ဘေးကင်းသော ကိုးကွယ်ခြင်း မဟုတ်။ မြတ်သော ကိုးကွယ်ခြင်းမဟုတ်၊ ယင်း ကိုးကွယ်ခြင်းကြောင့် ဒုက္ခခပ်သိမ်းမှ မလွတ်မြောက်နိုင်။

အကြင်သူသည် မြတ်စွာဘုရားကို ကိုးကွယ်၏။ တရားတော်ကို ကိုးကွယ်၏။ သံဃာတော်ကိုကိုးကွယ်၏။ ထိုသူသည် အရိယာသစ္စာလေးပါးတို့ကို ကောင်းစွာ သိမြင်နိုင်၏။

ရတနာ သုံးပါးကို ကိုးကွယ်ခြင်းသည် ဘေးမရှိသော ကိုးကွယ် ဆည်းကပ်ခြင်းမည်၏။ မြတ်သော ကိုးကွယ် ဆည်းကပ်ခြင်းမည်၏။ ဒုက္ခခပ်သိမ်းမှလည်းလွတ်မြောက်နိုင်၏။

၁၉၃

ယောကျ်ား အာဇာနည်ပုဂ္ဂိုလ်မျိုးသည် ဖြစ်ထွန်း ပေါ်ပေါက်နိုင်ခဲ၏။ ခပ်သိမ်းသောအရပ်၊ ခပ်သိမ်းသော အမျိုးအနွယ်တို့၌ မဖြစ်ထွန်း မပေါ်ပေါက်နိုင်။ ထိုယောကျ်ား အာဇာနည် ဖြစ်ထွန်းသော အမျိုးအနွယ် တခုလုံးသည် ချမ်းသာခြင်းသို့ ရောက်လေ၏။

၁၉၄

ဘုရားရှင်တို့ ပွင့်ထွန်းလာခြင်းသည် ချမ်းသာခြင်းတည်း။ သူတော်ကောင်းတရားကိုဟောကြားတော်မူခြင်းသည်ချမ်းသာခြင်းတည်း။ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်းတည်း။ စိတ်ဓာတ် ညီညွတ်စွာ ကျင့်ခြင်းသည် ချမ်းသာ ခြင်းတည်း။

၁၉၅/၁၉၆

ပူဇော်ထိုက်သော၊ တဏှာမာန ဒိဋ္ဌိ တရားတို့ကို လွန်မြောက်ပြီး ဖြစ်သော စိုးရိမ်ငိုကြွေးခြင်း မရှိတော့သော၊ ကိလေသာ ငြိမ်းအေးပြီး ကုန်သော၊ ဘေးရန်ဟူ၍ မရှိသော ဘုရားရှင်ကိုဂင်း၊ဘုရားရှင်၏ တပည့်တို့ကိုဂင်း ပူဇော်ခြင်း၏ ကောင်းမှုကို မည်ရွေ့၊မည်မျှရှိသည် ဟူ၍ ရေတွက်ခြင်းငှာ မစွမ်းနိုင်။

# ( ၁၅ )

# ချမ်းသာခြင်း

၁၉၇

ရန်ပြုတတ်သူတို့၏ အလယ်၌ ငါတို့သည် ရန်မပြုဘဲ ချမ်းသာစွာ အသက်မွေး ရကုန်၏။ ရန်ပြုသူတို့အလယ်၌ ငါတို့သည် ရန်မရှိဘဲ နေနိုင်ကြကုန်၏။

၁၉၈

ကိလေသာ အနှိပ်စက်ခံရသူတို့ အလယ်၌ ငါတို့သည် ကိလေသာ အနှိပ်စက်မခံရဘဲ ချမ်းသာစွာ အသက်မွေးနိုင်ကြကုန်၏။ကိလေသာ အနှိပ်စက် ခံရသူတို့ အလယ်၌ ကိလေသာ အနှိပ်စက် မခံရဘဲ ငါတို့ နေနိုင်ကြကုန်၏။

၁၉၉

ကာမဂုဏ် အတွက် ကြောင့်ကြကုန်သော သူတို့အလယ်၌ ကာမဂုဏ်ကို မကြောင့်ကြဘဲ ချမ်းသာစွာ ငါတို့ အသက်မွေးနိုင်ကြကုန်၏။ ကာမဂုဏ်အတွက် ကြောင့်ကြကုန်သောသူတို့ အလယ်၌ ငါတို့သည် ကာမဂုဏ်ကို ကြောင့်ကြခြင်း ကင်းစွာ နေရကုန်၏။

၂၀၀

စိုးရိမ် ကြောင့်ကြဖွယ်ရာ တစုံတခုမျှမရှိဘဲ ချမ်းသာစွာ ငါတို့ အသက်မွေးနိုင်ကြကုန်၏။ အာဘဿရာ ဗြဟ္မာတို့ကဲ့သို့ နှစ်သက် ဝမ်းမြောက်မှု ပီတိ တည်းဟူသော အစာကို အား ထားလျက် နေကြကုန်အံ့။

၂၀၁

အနိုင်ရသူသည်ရန်ကို ပွားများစေ၏။ ရှုံးသောသူသည် ဆင်းရဲစွာ နေရ၏။ (ကိလေသာ) ငြိမ်းသောသူသည် အနိုင်အရှုံးမရှိ ပကတိ ချမ်းသာ၏။

၂၀၂

ရာဂနှင့်တူသောမီးသည်မရှိ။ ဒေါသနှင့်တူသော အပြစ်သည် မရှိ။ ခန္ဓာနှင့်တူသော ဆင်းရဲသည်မရှိ။ နိဗ္ဗာန်နှင့်ဘူသော ချမ်းသာသည် မရှိ။

၂၀၃

ဆာလောင် မွတ်သိပ်ခြင်းသည် အကြီးလေးဆုံးသော ရောဂါတည်း။ ခန္ဓာငါးပါး သင်္ခါရ တရားသည် အလွန်ကဲဆုံးသော ဆင်းရဲတည်း။ ဤသဘောကို သိသူ ပညာရှိအဖို့ နိဗ္ဗာန်သည် အမြင့်မြတ်ဆုံး ချမ်းသာဖြစ်ကြောင်း(သိရာ၏)။

၂၀၄

အနာရောဂါ ကင်းစေခြင်းသည် အမြတ်ဆုံး လာဘ်တည်း၊ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း၊ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း၊ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

၂၀၅

တရားတည်း ဟူသော နှစ်သိမ့်မှု ပီတိကို သောက်သုံးရသူသည် ဆိတ်ငြိမ်ရာ၌ ရသော တရား အရသာကိုရင်း၊ ကိလေသာငြိမ်းရာ နိဗ္ဗာန်၏ အရသာကိုရင်း ခံစားရသဖြင့် ပူပန်မှုမှ ကင်းစင်၏။ မကောင်းမှုမှ စင်ကြယ်၏။

၂၀၆

သူတော်ကောင်းတို့နှင့် တွေ့မြင်ရခြင်းသည် ကောင်း၏။ သူတော်ကောင်းနှင့် ပေါင်းဖော် ရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ သူမိုက်တို့ကို မတွေ့မြင်ရခြင်းသည် အစဉ်သဖြင့် ချမ်းသာ၏။

၂၀၇

လူမိုက်နှင့် ပေါင်းသင်း လှည့်လည်သောသူသည် ကာလရှည်ကြာစွာ စိုးရိမ်နေရ၏။ လူမိုက်နှင့် အတူ နေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ ဆင်းရဲရ၏။ ပညာရှိနှင့် အတူနေထိုင်ရခြင်းသည် ဆွေမျိုးတို့နှင့် အတူ နေရသကဲ့သို့ ချမ်းသာရ၏။

၂၀၈

ထို့ကြောင့် လမင်းသည် နက္ခတ်တာရာ သွားရာလမ်းကို ချဉ်းကပ်သကဲ့သို့ တည်ကြည်သော၊ ပညာရှိသော၊ အကြားအမြင်များသော မဂ်ဖိုလ်ဝန်ကို ဆောင်သော၊ ဖြူစင်သည့် အကျင့်လည်းရှိသော၊ မြတ်သော ပညာရှိ သူတော်ကောင်းကို (သင်တို့သည်) မှီဝဲ ဆည်းကပ်ရာ၏။

# ( ၁၆ )

# ချစ်ခြင်း

၂၀၉

အားမထုတ်သင့်ရာ၌ အားထုတ်လျက်၊ အားထုတ်သင့်ရာတွင် အားမထုတ်ဘဲ အကျိုးစီးပွားကို စွန့်လွှတ်၍ ချစ်ခြင်းအာရုံ ကာမဂုဏ်၌ စွဲလမ်းသူသည် ကိုယ်တိုင်ကျင့်ကြံအားထုတ်သူတို့၏ အကျိုးစီးပွားကို လိုလားတောင့်တ တတ်ချေ၏။

၂၁၀

ချစ်သောသူတို့နှင့်လည်း မပေါင်းဖော်လင့်၊ မုန်းသောသူတို့နှင့်လည်း မပေါင်းဖော်လင့်။ ချစ်သောသူတို့ကို မတွေ့မြင်ရခြင်းသည်လည်း ဆင်းရဲ၏။ မုန်းသောသူတို့ကို တွေ့မြင်ရခြင်းသည်လည်းဆင်းရဲ၏။

၂၁၁

ထို့ကြောင့် လူကိုဖြစ်စေ၊ ဥစ္စာကိုဖြစ်စေ မချစ်ခင် မစွဲလမ်းရာ၊ မိမိချစ်ခင် စွဲလမ်းရာနှင့် ကွေကွင်း ရခြင်းသည် မကောင်းသည်သာတည်း။ ချစ်ခြင်းမုန်းခြင်း ကင်းစင်သူတို့၌ သာလျှင် အနှောင်အဖွဲ့ဟူ၍ မရှိကြကုန်။

၂၁၂

ချစ်ခြင်းကြောင့် စိုးရိမ်ရ၏။ ချစ်ခြင်းကြောင့် ကြောက်ရွံ့ရ၏။ ချစ်ခြင်းကင်းသောသူ၌ အဘယ်မှာလျှင် စိုးရိမ်ကြောက်ရွံ့မှုရှိအံ့နည်း။

၂၁၃

မြတ်နိုးမှုကြောင့် စိုးရိမ်ရ၏။ မြတ်နိုးမှုကြောင့်ကြောက်ရွံ့ရ၏။ မြတ်နိုးခြင်းကင်းသောသူ၌ အဘယ်မှာလျှင် စိုးရိမ်ကြောက်ရွံ့မှုရှိအံ့နည်း။

၂၁၄

မွေ့လျော် ပျော်ပိုက်မှုကြောင့် စိုးရိမ်ရ၏။ မွေ့လျော်ပျော်ပိုက်မှုကြောင့် ကြောက်ရွံ့ရ၏။ မွေ့လျော် ပျော်ပိုက်မှုကင်းသောသူ၌ အဘယ်မှာလျှင် စိုးရိမ်ကြောက်ရွံ့မှုရှိတော့အံ့နည်း။

၂၁၅

ကာမကြောင့် စိုးရိမ်မှုဖြစ်ရ၏။ ကာမကြောင့် ကြောက်ရွံ့မှုဖြစ်ရ၏။ ကာမမှကင်းစင်သောသူ၌ အဘယ်မှာလျှင် စိုးရိမ်မှု၊ ကြောက်ရွံ့မှုတို့ရှိနိုင်တော့အံ့နည်း။

## ၂၁၆

တဏှာကြောင့် စိုးရိမ်မှုဖြစ်ရ၏။ တဏှာကြောင့် ကြောက်ရွံ့မှုဖြစ်ရ၏။ တဏှာမှ ကင်းလွတ်သောသူ၌ အဘယ်မှာလျှင် စိုးရိမ်မှု၊ ကြောက်ရွံ့မှုတို့ရှိတော့အံ့နည်း။

## ၂၁၇

အကြင်သူသည် သီလနှင့်လည်းပြည့်စုံ၏။ ဉာဏ်အမြင်နှင့်လည်းပြည့်စုံ၏။ အမှန်တရားကိုလည်း သိတတ်၏။ မိမိပြုရမည့်အမှုကိစ္စကိုလည်း ပြုတတ်၏။ ထိုသူအား လူအပေါင်းသည် ချစ်ခင်မြတ်နိုးကြကုန်၏။

## ၂၁၈

နိဗ္ဗာန်ကို အထူးလိုလားသောစိတ်ဖြင့် ကာမဘုံ၌ ကပ်ငြိခြင်းမရှိသူအား "အထက်အကနိဋ္ဌဗြဟ္မာ့ဘုံသို့ အစဉ်အတိုင်း သွားမည့်သူ"ဟု ဆိုအပ်သည်။

## ၂၁၉/၂၂၀

ကြာမြင့်စွာ ကွဲကွာခဲ့ပြီးနောက် ရပ်ဝေးမှချမ်းသာစွာပြန်ရောက်လာသူကိုမြင်သဖြင့် ဆွေမျိုး မိတ်ဆွေ ချစ်ခင်သူတို့သည် နှစ်သက် ဝမ်းမြောက်ကြကုန်၏။

ထို့အတူကောင်းမှုပြုခဲ့သူသည် ဤပစ္စုပ္ပန်ဘဝမှတမလွန်ဘဝသို့ သွားသောအခါ(မိမိပြုခဲ့သော)ကောင်းမှုတို့သည် သူ့အား နှစ်သက်ဝမ်းမြောက်စွာကြိုဆိုကြကုန်၏။

# ( ၁၇ )

## အမျက်

### ၂၂၁

အမျက်ဒေါသကို စွန့်ရာ၏။ မာနကိုပယ်ရာ၏။ သံယောဇဉ်မှန်သမျှ ဖြတ်တောက်ရာ၏။ ရုပ်၌ရင်း၊ နာမ်၌ရင်း မတွယ်တာ မကပ်ငြိသူထံ ဆင်းရဲခြင်းသည် မကျရောက်နိုင်။

### ၂၂၂

လိမ္မာကျွမ်းကျင်သော ရထားထိန်းသည် လျှင်မြန်စွာပြေးနေသောရထားကို လမ်းမလွဲအောင် မောင်းနှင်နိုင်၏။ ဖြစ်ပေါ်လာသော အမျက်ဒေါသကို တားမြစ်နိုင်သူအား "လိမ္မာသော ရထားထိန်း" ဟု ငါဆို၏။ မတားဆီးနိုင်သူကား ရထားကြိုးကိုင်သာမည်၏။

၂၂၃

အမျက်ထွက်သူကို မေတ္တာဖြင့် အောင်ရာ၏။ မကောင်းသော သဘောရှိသူကို ကောင်းသော သဘောဖြင့်အောင်ရာ၏။ နှမြောဝန်တိုသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ လိမ်လည်ပြောဆိုတတ်သူကို ဖြောင့်မတ်စွာ ပြောဆိုခြင်းဖြင့်အောင်ရာ၏။

၂၂၄

မှန်သောစကားကို ပြောရာ၏။ အမျက်မထွက်ရာ။ တောင်းလာသည်ရှိသော် အနည်းငယ်မျှ ဖြစ်စေ ပေးလှူရာ၏။ ဤအကြောင်းသုံးပါးကြောင့် နတ်ပြည်သို့ရောက်ရ၏။

၂၂၅

သူတပါးကို မညှဉ်းဆဲတတ်၊ မိမိကိုယ်ကိုလည်း အမြဲစောင့်စည်းတတ်သော ပုဂ္ဂိုလ်သည် စိုးရိမ်ခြင်းကင်းရာ၊ သေခြင်းကင်းရာအရပ်သို့ ရောက်ကြကုန်၏။

၂၂၆

အမြဲနိုးကြားကြကုန်လျက်၊ နေ့ညဥ့်မပြတ် သူတော်ကောင်းတရား(သိက္ခာသုံးပါး)ကိုကျင့်ကြံကြသော နိဗ္ဗာန်၌သာ စိတ်ညွတ်ကြသူတို့တွင် အာသဝေါတရား ချုပ်ငြိမ်း ကွယ်ပျောက်ကြကုန်၏။

## ၂၂၇

အိုအတုလ။ ကဲ့ရဲ့ခြင်းဟူသည် ရှေးရိုးစဉ်လာ အစွဲပေတည်း။ ဤကဲ့ရဲ့ခြင်းသည် ယခုမှ ဖြစ်သည်မဟုတ်။ ဆိတ်ဆိတ်နေသူကို လည်း ကဲ့ရဲ့ကြကုန်၏။ မြောက်မြားစွာပြောဆိုသူကိုလည်း ကဲ့ရဲ့ ကြကုန်၏။ နှိုင်းချိန်၍ ပြောသော သူကိုလည်း ကဲ့ရဲ့ကြကုန်၏။ လောက၌ အကဲ့ရဲ့ လွတ်သူသည် မရှိပေ။

## ၂၂၈

လုံး၀ အကဲ့ရဲ့ ခံရသူ၊ လုံး၀ အချီးမွမ်းခံရသူ မည်သည် ရှေးကလည်း မရှိခဲ့၊ နောင်လည်းရှိလိမ့်မည်မဟုတ်။ ယခုလည်း မရှိပေ။

## ၂၂၉/၂၃၀

မကျိုးပြတ်သည့် အကျင့်၊ ဖောက်ခွဲနိုင်သည့်ပညာ၊ သီလ သမာဓိပညာစသော ဂုဏ်တို့နှင့် ပြည့်စုံသူအား ပညာရှိတို့သည် အထပ်ထပ်အခါခါ အစဉ်သဖြင့် ချီးမွမ်းခဲ့ပါက ဇမ္ဗူရာဇ်ရွှေ စင်နှင့် တူသော ယင်းအား အဘယ်သူသည် ကဲ့ရဲ့နိုင်ပါအံ့နည်း။ ထိုသူကို နတ်တို့လည်း ချီးမွမ်းကြကုန်၏။ ဗြဟ္မာမင်းလည်း ချီး မွမ်း၏။

## ၂၃၁

ကိုယ်ဖြင့် ပြုမူသော မကောင်းမှု(ကာယဒုစရိုက်သုံးပါး)ကို စောင့်ရှောက်ရာ၏။ ကိုယ်ကာယဖြင့် ဒုစရိုက် ၀င်ရောက်လာမှု ကိုတားမြစ်ရာ၏။ ကာယသုစရိုက် (ကိုယ်ဖြင့်ပြုမူသောကောင်း မှု)ကို ကျင့်ရာ၏။

၂၇၂

နှုတ်ဖြင့် ပြောဆိုသော မကောင်းမှု (ဝစီဒုစရိုက်လေးပါး) ကို စောင့်ရှောက်ရာ၏။ နှုတ်ဖြင့်ပြောဆိုသော ဒုစရိုက်ဝင်ရောက်လာမှုကို တားမြစ်ရာ၏။ ဝစီ သုစရိုက် (နှုတ်ဖြင့်ပြောဆိုသော ကောင်းမှု)ကို ပြုရာ၏။

၂၇၃

စိတ်ဖြင့် ကြံစည်သော မကောင်းမှု (မနော ဒုစရိုက် သုံးပါး)ကို စောင့်ရှောက်ရာ၏။ စိတ်၌ ဒုစရိုက်ဝင်ရောက်လာမှုကို တားမြစ်ရာ၏။မနော သုစရိုက်(စိတ်ဖြင့် ကြံစည်သောကောင်းမှု)ကိုပြုရာ၏။

၂၇၄

ပညာရှိတို့သည် ကိုယ်၊ နှုတ်၊ စိတ်သုံးပါးစလုံး၌ ဝင်ရောက်လာသော မကောင်းမှုကို တားမြစ်ပိတ်ပင်နိုင်၏။ ထိုပညာရှိတို့သည်သာ တားမြစ် ပိတ်ပင်သူမည်ကုန်၏။

( ၁၈ )

# အညစ်အကြေး

၂၃၅

(အို....ဥပါသကာ)သင်သည် ယခုအခါ ဖျော့တော့သော လျော်ရွက်ကဲ့သို့ ဖြစ်လေပြီ။ သေမင်း၏ တမန်တို့သည် သင်၏ အနီး၌ရောက်လေပြီ။ ဆုတ်ယုတ် ပျက်စီးခြင်း၏အစ ဘဝ၏ အဆုံးသို့လည်း တိုင်လေပြီ။ သင်၌ ဘဝ တပါးသို့ သွားရန် ကောင်းမှုဟူသော ရိက္ခာလည်းမရှိချေ။

၂၃၆

သင်သည် သင်၏ တည်မှီရာ ကျွန်းဖြစ်သော ကောင်းမှုကို ပြုလေလော့။ လျင်မြန်စွာအားထုတ်၍ ပညာရှိသူဖြစ်လေလော့။ ကိလေသာ အညစ်အကြေးကိုပယ်ထုတ်နိုင်လျှင် သင်သည် သုဒ္ဓါဝါသ ဘုံသို့ရောက် လတ္တံ့။

## ၂၃၇

အို ဥပါသကာ သင်သည် ယခုအရွယ်လွန်ချေပြီ။ သေမင်း အထံ သွားချိန်လည်းတန်ပြီ။ သင်၌ အနီးအကြားတွင် ရပ်နား ခွင့်သည်မရှိ။ ကောင်းမှုဟူသော ရိက္ခာလည်းမရှိ။

## ၂၃၈

မိမိမှီခိုရာကျွန်းနှင့်တူသော ကောင်းမှုကို ပြုလော့။ လျင်စွာ အားထုတ်၍ ပညာရှိသူဖြစ်လေလော့။ ကိလေသာ အညစ် အကြေးကို ပယ်ထုတ်နိုင်လျှင် သင်သည် တဖန် ပဋိသန္ဓေနေခြင်း အိုခြင်းတို့သို့ မရောက်ရသည်ဖြစ်လတ္တံ့။

## ၂၃၉

ပန်းထိမ်သည်သည် ရွှေ၏ အညစ်အကြေးကို တဖြည်းဖြည်း ထုတ်ပယ်သကဲ့သို့ ပညာရှိသည် မိမိ၏ အညစ်အကြေးကို အခွင့် ရတိုင်း ရတိုင်း အနည်းငယ် အနည်းငယ် ထုတ်ပယ်ပစ်ရာ၏။

## ၂၄၀

သံ၌ ဖြစ်သော သံချေးသည် ထိုသံကို ပြန်၍ စားသကဲ့သို့ မကောင်းမှု ကျင့်ကြံသူအား ယင်း၏ ကျင့်ကြံမှုတို့သည်ပင် မကောင်းရာ ဘဝသို့ ခေါ်ဆောင်လာလေ၏။

၂၄၁

စာပေ ကျမ်းဂမ်တို့သည် မရွတ်မတ်ခြင်း ဟူသော ပျက်စီး ကြောင်း အညစ်အကြေးရှိကုန်၏။ အိမ် အဆောက်အဦသည် မပြုပြင်လျှင် ပျက်စီးကြောင်း အညစ်အကြေးရှိကုန်၏။ ပျင်းရိခြင်းသည် အဆင်းလှပခြင်း၏ အညစ်အကြေးတည်း။ မေ့လျော့ခြင်းသည် စောင့်ရှောက်သူ၏ အညစ်အကြေးတည်း။

၂၄၂

လင်ကို လွန်ကျူး၍ ကျင့်ခြင်းသည် မိန်းမ၏ အညစ်အကြေးမည်၏။ နှမြောခြင်းသည် ပေးလှူသူ၏ အညစ်အကြေးမည်၏။ ယုတ်ညံ့သော အကုသိုလ်တရားသည် (ပစ္စုပ္ပန်၊ တမလွန်) ဘဝ နှစ်တန် ကေန်ပျက်စီးကြောင်း အညစ်အကြေးမည်၏။

၂၄၃

အလွန်ကဲဆုံးသော အညစ်အကြေးကား အမှန်ကို မသိမှု "အဝိဇ္ဇာ" တည်း၊ ရဟန်းတို့ အဝိဇ္ဇာ အညစ်အကြေးကိုသုတ်သင်၍ ဤအညစ်အကြေးကင်းစေကုန်လော့။

၂၄၄

အရှက်ကင်းမဲ့သူသည် သူတပါး၏ဂုဏ်ကို ဖျက်ဆီး၍ရင်း၊ သူတပါးပြုသည်ကို မိမိပြုယောင်ဆောင်၍ရင်း၊ ညစ်ညမ်းကြမ်းကြုတ်သော အကျင့်ဖြင့်ရင်း၊ ရဲတင်းသောကြောင့် အသက်မွေးကြသဖြင့် အသက်မွေးလွယ်ကူ၏။

## ၂၄၅

အရှက်ရှိသူသည် အမြဲစင်ကြယ်မှုကိုရှာသဖြင့်၎င်း၊ မတွန့်တို မကြမ်းကြုတ်သဖြင့်၎င်း၊ သင့်မသင့် ထောက်ချင့်သဖြင့်၎င်း၊ စင်ကြယ်စွာ အသက်မွေးမှု ပြုသောကြောင့် အသက်မွေးခဲယဉ်း၏။

## ၂၄၆/၂၄၇

အကြင်သူသည် သူ့အသက်သတ်၏။ သူ့ဥစ္စာခိုးယူ၏။ လိမ်လည်ပြောဆို၏။ သူတပါးမယားကို လွန်ကျူး၏။ သေရည်သေရက်သောက်စား၏။ ထိုသူသည် ဤဘဝ၌ပင် မိမိ၏အခြေအမြစ်ကို တူးဖြိုဖျက်ဆီးသည်မည်၏။

## ၂၄၈

အို....ယောကျ်ား ကိုယ်စောင့်စည်းမှုမရှိသူသည် ယုတ်ညံ့သည်ဟုသိလော့။လောဘသည်၎င်း၊ ဒေါသသည်၎င်း သင့်အား ကြာရှည်ဆင်းရဲအောင် မပြုလုပ်ပါစေနှင့်။

## ၂၄၉

လူအပေါင်းသည် တစုံတယောက်အား ယုံကြည်သည့်အလျောက်၊ ကြည်ညိုသည့်အလျောက် ပေးကမ်းလှူဒါန်း၏။ သူတပါးတို့ ပေးကမ်းလှူဒါန်းသည်ကို မျက်နှာမသာသော (မနှစ်မြို့သော)သူသည် နေ့၌၎င်း၊ ညဉ့်၌၎င်း စိတ်တည်ကြည်မှုကို မရ။

၂၅၀

အကြင်သူသည် ဤမျက်နှာမသာသည့်သဘောကို အကြွင်းမဲ့ဖြတ်၏။ အမြစ်ပယ်နုတ်ပြီးဖြစ်၏။ ထိုသူသည် နေ့၌ဖြစ်စေ၊ ညဥ့်၌ဖြစ်စေ စိတ်တည်ကြည်မှုကိုရ၏။

၂၅၁

ရာဂနှင့်တူသောမီးသည်မရှိ၊ ဒေါသနှင့်တူသော (ဖမ်းယူတတ်သည့်)သားရဲသည်မရှိ၊ မောဟနှင့်တူသော ပိုက်ကွန်သည်မရှိ၊ တဏှာနှင့်တူသောမြစ်သည်မရှိ။

၂၅၂

သူတပါး၏အပြစ်ကို မြင်လွယ်သလောက်၊ မိမိအပြစ်ကို မြင်နိုင်ခဲသောသူသည် ဖွဲကိုပစ်လွှင့်သကဲ့သို့ သူတပါး၏ အပြစ်ကို ပစ်လွှင့်၏။ မိမိ၏အပြစ်ကိုမူ စဥ်းလဲကောက်ကျစ်သောမုဆိုးသည် ယင်း၏ကိုယ်ကို သစ်ရွက်တို့ဖြင့်ဖုံးလွှမ်းသကဲ့သို့ ဖုံးလွှမ်းကွယ်ဝှက်ချေ၏။

၂၅၃

သူတပါး၏အပြစ်ကို အမြဲရှာဖွေကဲ့ရဲ့တတ်သူ၌ အာသဝေါတရားတို့ တိုးပွားကုန်၏။ ထိုသူသည် အာသဝေါကုန်ခြင်းနှင့် ဝေးလှစွာ၏။

၂၅၄

ကောင်းကင်၌ ခြေရာမရှိ၊ သာသနာ ပြင်ပ၌ မဂ်ရဖိုလ်ရ ရဟန်းမရှိ၊ သတ္တဝါတို့သည် သံသရာကို ချဲ့ထွင်သော တရား၌

မွေလျော်၏။ ဘုရားရှင်တို့သည် သံသရာခွဲချွတ်ထွင်သော တရားမှ ကင်းကုန်၏။

၂၅၅

ကောင်းကင်၌ ခြေရာမရှိ၊ သာသနာပြင်ပ၌ မဂ်ရဖိုလ်ရ ရဟန်းမရှိ၊ တည်မြဲသော သင်္ခါရတရားဟူသည်မရှိ၊ ဘုရားရှင်၌ တုန်လှုပ်ခြင်းသည်မရှိ။

## ( ၁၉ )

# တရား

၂၅၆

(မိမိ)ဆုံးဖြတ်ရသောအမှုကို နိုင်ထက်စီးနင်း ဆုံးဖြတ်သူသည် တရား၌ တည်သောတရားသူကြီးမဟုတ်ပေ။ ပညာရှိသည် အမှားအမှန်တရားနှစ်တန်ကို စုံစမ်းစစ်ဆေးပြီးမှဆုံးဖြတ်ရာ၏။

၂၅၇

တရားအရာမချွတ်မယွင်း မှန်ကန်စွာဆုံးဖြတ်လျက် ရှုံးသင့်သူရှုံးစေ၊ နိုင်သင့်သူနိုင်စေ ဆုံးဖြတ်သောပညာရှိအား တရားစောင့်သူ၊ တရား၌တည်သူ တရားသူကြီးဟုဆိုအပ်၏။

၂၅၈

စကားများစွာ ပြောရုံဖြင့် ပညာရှိမဖြစ်၊ ဘေးရန်ကင်းစင်၍အကြောင်းတရားကင်းမဲ့သူ (ကြောက်ရွံ့မှုကင်းကွာသူ) ကိုသာပညာရှိဆိုအပ်၏။

၂၅၉

မြောက်မြားစွာ ဟောပြောနေကာမျှဖြင့် တရားဆောင်သူမမည်ပေ၊ အကြင်သူသည် အနည်းငယ်ဟောရုံနှင့် သစ္စာလေးပါးတရားကိုသိ၏။ တရား၌မမေ့လျော့သော ထိုသူသည်သာ တရားဆောင်သူမည်၏။

၂၆၀

အရွယ်အိုမင်းသော ရဟန်း၏ဦးခေါင်းသည် ဖွေးဖွေးဖြူ၏။ ဦးခေါင်းဖွေးဖွေးဖြူကာမျှဖြင့် ထိုရဟန်းသည် မထေရ်မမည်။ ထိုရဟန်း၏ အရွယ်အိုမင်းမှုကို အကျိုးမဲ့အိုမင်းမှုဟု ဆိုအပ်၏။

၂၆၁

အကြင်ပုဂ္ဂိုလ်သည် သစ္စာလည်းရှိ၏။ တရားလည်းရှိ၏။ သူတပါးအား နှိပ်စက်ခြင်းကင်း၏။ သီလစောင့်ထိန်း၏။ ဣန္ဒြေကိုဆုံးမ၏။ ကိလေသာပျို့အန်ပြီးသော ထိုပုဂ္ဂိုလ် (ပညာရှိ) ကိုသာ မထေရ်ဟု ဆိုအပ်၏။

၂၆၂

ကောင်းသောစကားကို ပြောဆိုတတ်ကာမျှဖြင့်ရင်း၊ ရုပ်အဆင်းလှပကာမျှဖြင့်ရင်း ငြူစူဝန်တိုစဉ်းလဲတတ်သောပုဂ္ဂိုလ်သည် သူတော်ကောင်းမဖြစ်နိုင်ချေ။

၂၆၃

အကြင်သူသည် ငြူစူခြင်း၊ ဝန်တိုခြင်း၊စဉ်းလဲခြင်းကင်း၏။ အကြွင်းမဲ့ အပြစ်နုတ်ပယ်ပြီးသူဖြစ်၏။ ကိလေသာကို ထွေးအန်ပြီး ဖြစ်သော ထိုပညာရှိသည်သာ"ကောင်းသောတရားရှင်"ဟု ဆိုအပ်၏။

၂၆၄

ဦးပြည်း ခေါင်းတုံးကာမျှဖြင့် ရဟန်းမဖြစ်နိုင်ချေ။ အကြင်သူသည် သီလအကျင့်၊ဓုတင်အကျင့်မရှိ၊ မဟုတ်မမှန်သော စကားကို ပြောဆိုတတ်၏။ လိုချင်မက်မောမှုလည်း ရှိ၏။ ထိုသူသည် ဦးပြည်းခေါင်းတုံးကာမျှဖြင့် အဘယ်မှာလျှင် ရဟန်းဖြစ်နိုင်ပါအံ့နည်း။

၂၆၅

အကြင် ပုဂ္ဂိုလ်သည် မကောင်းမှုမှန်လျှင် ကြီးသည်ဖြစ်စေ၊ သေးသည်ဖြစ်စေ၊အရာခပ်သိမ်းငြိမ်းစေ၏။ ထိုပုဂ္ဂိုလ်အားရဟန်းဟု ခေါ်အပ်၏။

## ၂၆၆

သူတပါးထံမှ တောင်းစားကာမျှဖြင့် ရဟန်း မဖြစ်နိုင်ချေ။ တရားနှင့်မညီသော အကျင့်ကို ကျင့်ကြံလျှင်လည်း ရဟန်း မမည်ချေ။

## ၂၆၇

အကြင်သူသည် မြတ်သောအကျင့်ရှိ၏။ ကောင်းမှုမကောင်းမှုကို ပယ်ပြီးဖြစ်၏။ ခန္ဓာငါးပါးဟူသော လောကကို ဉာဏ်ဖြင့် မပြတ်ဆင်ခြင်၏။ ထိုသူအား ရဟန်း(ဘိက္ခု)ဟု ဆိုအပ်၏။

## ၂၆၈/၂၆၉

အသိပညာမရှိ၊တွေဝေသော သဘောရှိသူသည် ဆိတ်ဆိတ်နေကာမျှဖြင့် ရဟန်း(မုနိ)မမည်ချေ။ အကြင်ပညာရှိသည် ကောင်းမှုနှင့် မကောင်းမှုကို ချိန်ခွင်ဖြင့် ချိန်စက်သကဲ့သို့ ရွေးချယ်လျက် (ကောင်းမှုကိုသာလျှင် ရွေးချယ်)ကျင့်ကြံ၏။ ထိုသူသည် မုနိမည်၏။ အကြင်သူသည် အဇ္ဈတ္တ ဗဟိဒ္ဓ ခန္ဓာနှစ်ပါးတို့ကိုသိ၏။ ထိုသူလည်း မုနိမည်၏။

## ၂၇၀

သတ္တဝါတို့ကို ညှဉ်းဆဲသူသည် အရိယာမဖြစ်။ သတ္တဝါတို့ကို မညှဉ်းဆဲလျှင် အရိယာဟု ဆိုအပ်၏။

## ၂၄၁/၂၄၂

သီလရှိကာမျှဖြင့်၎င်း၊ အကြားအမြင် များကာမျှဖြင့်၎င်း၊ တည်ကြည်မှုရကာမျှဖြင့်၎င်း၊ ဆိတ်ငြိမ်ရာ၌ နေကာမျှဖြင့်၎င်း ရဟန်းသည် အာသဝေါကုန်သော ရဟန္တာအဖြစ်သို့ မရောက်သေးသမျှ ပုထုဇဉ်တို့ မမှီဝဲနိုင်သော ချမ်းသာကို ရပေပြီဟူ၍ ရပ်နားရောင့်ရဲခြင်း မရှိပါစေလင့်။

# (၂၀)

# လမ်း

၂၇၃

လမ်းခရီးအားလုံးတွင် ရှစ်ပါးသောအင်္ဂါရှိသည့် မဂ်ခရီးသည် အမြတ်ဆုံးဖြစ်၏။ သစ္စာတရားအားလုံးတွင် လေးပါးသော အရိယာသစ္စာသည် အမြတ်ဆုံးဖြစ်၏။ သဘောတရားအားလုံးတွင် ရာဂကင်းရာ(နိဗ္ဗာန်)သဘောတရားသည် အမြတ်ဆုံး ဖြစ်၏။ ခြေနှစ်ချောင်းသတ္တဝါအားလုံးတို့တွင် ပညာမျက်စိရှိတော်မူသော မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်၏။

## ၂၇၄

ဉာဏ်အမြင် စင်ကြယ်ခြင်းအတွက် ဤမဂ်ခရီးသည်သာလျှင် ခရီးမှန်ဖြစ်သည်။ ဤခရီးမှ တပါးအခြားသော ခရီးသည်မရှိ။ ထို့ကြောင့် သင်တို့သည် ဤခရီးမှန်ဖြင့်သာ သွားကြကုန်လော့။ ဤခရီးကား မာရ်နတ်လည်း မမြင်နိုင်သော ခရီးတည်း။

## ၂၇၅

ဤမဂ် ခရီးအတိုင်း သင်တို့သွားကြလျှင်ဆင်းရဲခြင်း အဆုံး (ကုန်ရာ)သို့ရောက်ရလတ္တံ့။ ငါသည်ရာဂအစရှိသည့် ဆူးငြောင့် ကင်းရာ လမ်းမှန်ကို ကိုယ်တိုင်သိ၍၊ သင့်တို့အား ညွှန်ကြားခြင်း ဖြစ်၏။

## ၂၇၆

သင်တို့ကိုယ်တိုင် အားထုတ်ကြကုန်လော့။ ဘုရားရှင်သည် လမ်းမှန်ကို ပြညွှန်ရုံသာ ပြညွှန်၏။ကိုယ်တိုင်အားထုတ်၍ ကိလေသာကို ရှို့မြိုက်ကြသူတို့သည် မာရ်မင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက် နိုင်ကုန်၏။

## ၂၇၇

(ရုပ်၊ နာမ်၊ ဓမ္မ)သင်္ခါရ အားလုံးတို့သည် အမြဲမရှိကုန်ဟု ဝိပဿနာ ပညာဖြင့်ရှုမြင်၏။ထိုအခါ ရုပ် နာမ်ဓမ္မ သင်္ခါရတို့ကို ငြီးငွေ့၏။ ဤ ငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်သို့ ရောက်ခြင်းဖြစ်၏။

၂၇၈

(ရုပ်၊ နာမ်၊ ဓမ္မ)သင်္ခါရ အားလုံးတို့သည် ဆင်းရဲကုန်၏ဟု ဝိပဿနာပညာဖြင့် ရှုမြင်၏။ ထိုအခါ ရုပ် နာမ် ဓမ္မ သင်္ခါရတို့ကို ငြီးငွေ့၏။ ဤ ငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း ဖြစ်၏။

၂၇၉

အလုံးစုံသော တရားတို့သည် 'အတ္တ' မဟုတ်ကုန်။(အနတ္တ ဖြစ်သည်)ဟု ဝိပဿနာပညာဖြင့် ရှုမြင်၏။ ထိုအခါ ရုပ် နာမ် ဓမ္မ သင်္ခါရတို့ကို ငြီးငွေ့၏။ ဤ ငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း ဖြစ်၏။

၂၈၀

အရွယ်နုပျို ခွန်အားပြည့်စုံပါလျက် ထကြွလုံ့လမရှိ၊ ပျင်းရိ ထိုင်းမှိုင်းပြီး၊ စိတ်အကြံဝိတက်များသူသည် ပညာဖြင့်သာ ရယူနိုင်သော အရိယာမဂ်ကို မရနိုင်။

၂၈၁

နှုတ်ဖြင့် ပြောဆိုသော မကောင်းမှုကို ရှောင်ကြဉ်သော အားဖြင့် နှုတ်ကို စောင့်စည်းရာ၏။ စိတ်ဖြင့် ကြံစည်သော မကောင်းမှုကို ရှောင်ကြဉ်သောအားဖြင့် စိတ်ကို စောင့်စည်းရာ၏။ ကိုယ်ဖြင့်လည်း အကုသိုလ်ကို မပြုရာ။ ထိုကမ္မပထ တရားသုံးပါးကို သုတ်သင်ပြီး မြတ်စွာဘုရား ဟောတော်မူရာ ခဂ်သို့ ရောက်စေရာ၏။

၂၈၂

ကမ္မဋ္ဌာန်း အာရုံ၌ အားထုတ်လျှင် ပညာဖြစ်ပွား၏။ အား မထုတ်လျှင် ပညာကုန်ခန်း၏။ ပညာပွားရာ၊ ကုန်ရာအကြောင်း နှစ်ပါးကို သိလျက် မိမိကိုယ်ကို ပညာပွားအောင် သိမ်းသွင်း ရာ၏။

၂၈၃

ရဟန်းတို့၊ ပကတိသစ်ပင်ကို မခုတ်ဖြတ်ကြကုန်လင့်၊ တဏှာ တည်းဟူသော တောကို ခုတ်ဖြတ်ကြကုန်လော့။ တဏှာဟူသော တောကြောင့် ဇာတိစသော ဘေးဖြစ်၏။ ထို့ကြောင့် တဏှာ တောကို ခုတ်ဖြတ်၍ လွတ်မြောက်နိုင်ကြကုန်လော့။

၂၈၄

နို့မကွာသေးသော နွားငယ်သည် အမိနွားမကိုကပ်သကဲ့သို့ မိန်းမ၌ ကပ်ငြိသော ကိလေသာစိတ်ကို မဖြတ်နိုင်သေးသည့် ယောကျ်ားသည် သံသရာ၌ပင် ကျင်လည်ကပ်ငြိ၏။

၂၈၅

တန်ဆောင်မုန်းလ၌ ပွင့်သောကုမုဒြာကြာပန်းကို လက်ဖြင့် ချိုးဖြတ်သကဲ့သို့ မိမိ၏ ချစ်ခြင်း တဏှာကို ဖြတ်လော့။ မြတ်စွာ ဘုရားသည် တဏှာကင်းရာ နိဗ္ဗာန်ကို ဟောတော်မူ၏။ ထိုနိဗ္ဗာန် ရောက်ကြောင်း မဂ်တရားကိုသာ ပွားများလေလော့။

၂၇၆

မိုးအခါ ဤအရပ်၌ ငါနေမည်။ ဆောင်းအခါ ထိုအရပ်၌ ငါနေမည်စသည်ဖြင့် လူမိုက်သည် ထူးထူးအထွေထွေ ကြံစည်သော်လည်း "ဘယ်အခါ ဘယ်အရပ်၌ ငါသေမည်" ဟူသော မိမိအသက်အန္တရာယ်ကိုမူ မသိရှာပေ။

၂၇၇

သားသမီး ပစ္စည်း ဥစ္စာတို့ဖြင့် ယစ်မူးခံစား လျက်၊ ကာမဂုဏ်၌ မရသေးသည်ကို တောင့်တ၊ ရပြီးသည်ကို တွယ်တာကပ်ငြိစိတ်ရှိသူအား "ကြီးမားသောရေအလျင်သည် အိပ်ပျော်နေသောရွာကို တိုက်စားသိမ်းယူသကဲ့သို့" သေမင်းသည် သိမ်းယူ၏။

၂၇၈

သေမင်း၏ နှိပ်စက်ခြင်းကို ခံရသူအား ကာကွယ်စောင့်ရှောက်ရန်အတွက် သားသမီးလည်းမရှိ၊ အမိ အဖလည်းမရှိ၊ အဆွေခင်ပွန်းလည်းမရှိ၊ ဆွေမျိုးလည်းမရှိကုန်။

၂၇၉

ဤသဘောကို သိမြင်သော ပညာရှိသည် သီလကို စောင့်ထိန်းလျက်၊ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သော ရှစ်ပါးသော မဂ်ခရီးကို လျင်မြန်စွာ လျှောက်လှမ်း (ကျင့်ကြံ)ရာ၏။

# (၂၁)

# အထွေထွေ

၂၉၀

အနည်းငယ်သော ချမ်းသာကို စွန့်လွှတ်လျှင် ကြီးကျယ်သော ချမ်းသာကို ရရှိမည်ဟု သိမြင်သည့် ပညာရှိသည် ကြီးကျယ်သော ချမ်းသာကို ရရှိရန်အတွက်· အနည်းငယ်သော ချမ်းသာကို စွန့်လွှတ်ရာ၏။

၂၉၁

သူတပါးအား ဆင်းရဲစေလျက် မိမိ၏ ချမ်းသာကို အလိုရှိသူသည် (အတုံ့အပြန်)ရန်ချင်းရောနှောလျက် ရှိရကား ရန်မှ မလွတ်နိုင်။

၂၉၂

ပြုသင့်ပြုရသော အမှုကို မပြုမူဘဲ စွန့်ပစ်၍၊ မပြုသင့်မပြုရသော အမှုကို ပြုလုပ်ကာ မာန်မာန ထောင်လွှားတတ်သူ မေ့လျော့သူ၌ အာသဝေါတရားတို့ တိုးပွား၏။

၂၉၃

အကြင်သူတို့ကား ကာယဂတာသတိ (သုံးဆယ့်နှစ်ကောဋ္ဌာသ)ကို အမြဲ အားထုတ်ကုန်၏။မပြုသင့်မပြုရာကို မပြုကုန်။ ပြုသင့်ပြုရသော အမှုကို မပြတ်ပြုလုပ်ကုန်၏။ သတိရှိ၍၊ ကောင်းသော ပညာ အမြော်အမြင် သမ္ပဇဉ်ဉာဏ်ရှိကုန်၏။ ထိုသူတို့၌ အာသဝေါတရားသည် ချုပ်ခြင်း ကုန်ခန်းခြင်းသို့ ရောက်၏။

၂၉၄

ရဟန္တာပုဂ္ဂိုလ်သည် တဏှာတည်းဟူသော အမိ၊ မာနတည်းဟူသော အဖ၊ (သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိ)တည်းဟူသော မင်းနှစ်ပါး၊ နန္ဒီရာဂတည်းဟူသော အခွန်သိမ်းအမတ်တို့နှင့်တကွ အာယတန တဆယ့်နှစ်ပါးတည်းဟူသော တိုင်းပြည်ကိုသတ်ခြင်းဖြင့် ဆင်းရဲခြင်းကင်းရာသို့ သွားရ၏။

၂၉၅

ရဟန္တာပုဂ္ဂိုလ်ကို တဏှာတည်းဟူသော အမိနှင့်မာနတည်းဟူသော အဖတို့ကို သတ်ပြီးလျှင် သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိတည်းဟူသော ပုဏ္ဏားနှစ်ပါးကို သတ်၍ ကျားရဲရှိသော ခရီးနှင့်တူသောဝိစိကိစ္ဆာလျှင် ငါးခုမြောက်ရှိသည့် နီဝရဏအတားအဆီးကို ပယ်ဖျက်လျက် ဆင်းရဲကင်းရာသို့ သွားလေ၏။

၂၉၆

နေ့ရောညပါ အစဉ်မပြတ် ဘုရားဂုဏ်တော်ကို အာရုံပြုလေ့ရှိသော ဗုဒ္ဓသာဝကတို့သည် အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားကြရကုန်၏။

၂၉၇

နေ့ရောညပါ အစဉ်မပြတ်တရားဂုဏ်တော်ကို အာရုံပြုလေ့ရှိသော ဗုဒ္ဓသာဝကတို့သည် အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်းဖြင့်နိုးကြားကြကုန်၏။

၂၉၈

နေ့ရောညပါ အစဉ်မပြတ်သံဃာ့ဂုဏ်တော်ကို အာရုံပြုလေ့ရှိသော ဗုဒ္ဓသာဝကတို့သည် အခါခပ်သိမ်း ကောင်းသောနိုးကြားခြင်းဖြင့် နိုးကြားကြကုန်၏။

၂၉၉

နေ့ရောညပါ အစဉ်မပြတ်သုံးဆယ့်နှစ်ကောဋ္ဌာသကို အာရုံပြုလေ့ရှိသော ဗုဒ္ဓသာဝကတို့သည် အခါခပ်သိမ်း ကောင်းသောနိုးကြားခြင်းဖြင့် နိုးကြားကြကုန်၏။

၃၀၀

နေ့ရောညပါအစဉ်မပြတ် မညှဉ်းဆဲမှု ကရုဏာ ဘာဝနာ၌ မွေ့လျော်စိတ်ရှိသူ ဗုဒ္ဓသာဝကသည်အခါခပ်သိမ်းကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားကြကုန်၏။

၃၀၁

နေ့ရောညပါအစဉ်မပြတ် တရားပွားများခြင်း၌ မွေ့လျော်သော ဗုဒ္ဓသာဝကသည် အခါခပ်သိမ်း ကောင်းသောနိုးကြားခြင်းဖြင့် နိုးကြားကြကုန်၏။

၃၀၂

စည်းစိမ်ဉစ္စာကို စွန့်၍ရဟန်းပြုနိုင်ခဲ၏။ သူတော်ကောင်းတရား၌ မွေ့လျော်နိုင်ခဲ၏။ အိမ်၌လည်း မပြည့်မစုံနေရခြင်းသည် ဆင်းရဲ၏။မချစ်မနှစ်သက်သူနှင့် အတူတကွ ပေါင်းဖော်နေရခြင်းသည်ဆင်းရဲ၏။သံသရာခရီးသွားရခြင်းသည် အလွန်ဆင်းရဲလှစွာ၏။ ထို့ကြောင့် သံသရာခရီးသွားမဖြစ်ရာ၊ ဆင်းရဲသို့ ကျရောက်သူမဖြစ် ။

## ၃၀၃

သဒ္ဓါတရားလည်းရှိ၊ သီလလည်းပြည့်စုံ၍ အခြံအရံ စည်းစိမ်ဥစ္စာလည်းကြွယ်ဝသောသူသည် ရောက်ရာအရပ်၌ အပူဇော်ခံရ၏။

## ၃၀၄

ဟိမဝန္တာတောင်သည် အဝေး၌တည်သော်လည်း ထင်ရှား၏။ ထို့အတူပညာရှိတို့သည် အဝေး၌နေသော်လည်းထင်ရှားကုန်၏။ ညဉ့်၌ ပစ်လွှတ်အပ်သော မြားတို့သည် မထင်ရှား၊ ထို့အတူသူမိုက်တို့သည် အနီး၌နေကြသော်လည်း မထင်ရှားကြကုန်။

## ၃၀၅

တယောက်တည်းနေ၊ တယောက်တည်းအိပ်၊ တယောက်တည်းလှည့်လည်သွားလာလျက် မပျင်းမရိမိမိကိုယ်ကို ဆုံးမကာ တယောက်တည်းတောတောင်၌ မွေ့လျော်၏။

# (၂၂)

# ငရဲ

၃၀၆

မဟုတ်မမှန်ပြောဆိုသူသည် ငရဲသို့ရောက်ရ၏။ မိမိပြုလုပ်လျက် မပြုလုပ်ဟုပြောဆိုသူသည်လည်း ငရဲသို့ရောက်ရ၏။ ထိုသူနှစ်ယောက်တို့သည် နောင်တမလွန်ဘဝ၌ ငရဲခံရခြင်း အတူတူပင်ဖြစ်၏။

၃၀၇

ယုတ်ညံ့သောသဘောရှိ၍ ကိုယ်နှုတ်နှလုံးကို မစောင့်စည်းကြဘဲ၊ သင်္ကန်းကိုလည်ပင်း၌ ပတ်ထားကုန်သော (သင်္ကန်းရုံထားကုန်သော) သူယုတ်မာများသည် သိမ်ဖျင်းသောမကောင်းမှုတို့ကြောင့် ငရဲသို့ကျရောက်ရကုန်၏။

## ၁၀၈

သီလလည်းမရှိ၊ ကိုယ်နှုတ်နှလုံးကိုလည်း မစောင့်စည်းဘဲ၊ တိုင်းသူပြည်သားတို့ သဒ္ဓါကြည်ဖြူ ပေးလှူအပ်သော ဆွမ်းကို စားခြင်းထက် အလျှံညီးညီးတောက်လောင်နေသောသံတွေခဲကို စားရခြင်းက သာ၍ကောင်းမြတ်သေး၏။

## ၁၀၉

တရား၌ သတိမရှိဘဲ၊ သူတပါးမယားကို မှီဝဲသူသည် အကုသိုလ်ရခြင်း၊ ချမ်းသာစွာ မအိပ်စက်ရခြင်း၊ အကဲ့ရဲ့ခံရခြင်း၊ ငရဲခံရခြင်း ဟူသော လေးပါးသော ဆင်းရဲခြင်း အကြောင်းသို့ ဆိုက်ရောက်ရ၏။

## ၁၁၀

ထို့ပြင်မကောင်းမှုကိုလည်းရ၏။ ညှို့ဖျင်းသောလားရာဂတိလည်းရှိ၏။ ကြောက်ရွံ့ထိတ်လန့်သော ယောကျ်ား မိန်းမတို့၏ မွေ့လျော် ပျော်ပါးမှုသည် အနည်းငယ်မျှသာဖြစ်၏။ မင်းကလည်း ကြီးလေးသော အပြစ်ဒဏ်ကို ပေး၏။ ထို့ကြောင့် ယောကျ်ားသည် သူတပါး၏မယားကို မမှီဝဲရာ။

## ၁၁၁

ကောင်းမွန်စွာမကိုင်လျှင် သမန်းမြက်သည်လက်ကိုခွဲရှစေ၏။ ဤအတူ ကောင်းမွန်စွာ မကျင့်သုံးလျှင် ရဟန်းအဖြစ်သည် ရဟန်းအား ငရဲသို့ဆွဲချလေ၏။

## ၃၁၂

ပေါ့လျော့စွာပြုသော အမှုသည်၎င်း၊ သီလညစ်နွမ်းသော အကျင့်သည်၎င်း၊ ယုံမှားသံသယမကင်းသော သူတော်ကောင်း အကျင့်သည်၎င်း အကျိုးမများချေ။

## ၃၁၃

အမှုကိစ္စတခုကိုပြုလုပ်လျှင် တိကျစွာပြုလုပ်ရာ၏။ မြဲမြံစွာ အားထုတ်ရာ၏။ လျော့ရဲစွာပြုသော ရဟန်းအဖြစ်သည် ကိလေသာမြူကို ကြဲဖြန့်တတ်၏။

## ၃၁၄

မကောင်းမှုကို မပြုခြင်းသည် မြတ်၏။ မကောင်းမှုသည် နောင်အခါ ပူပန်စေ၏။ ကောင်းမှုကို ပြုခြင်းသည် မြတ်၏။ ကောင်းမှုကိုပြုခြင်းကြောင့် နောင်အခါမပူပန်ရ။

## ၃၁၅

တိုင်းပြည်၏ အစွန်ဖြစ်သော (နယ်စပ်)မြို့ကို အတွင်းအပြင် လုံခြုံစေသကဲ့သို့ မိမိကိုယ်ကိုလုံခြုံအောင် စောင့်ရှောက်လော့။ သင်တို့ကို (ဘုရားပွင့်ခြင်းစသော) အခွင့် အခါကောင်းသည် မလွန်ပါစေလင့်။ အခွင့်အခါကောင်းကို စွန့်လွှတ်သူတို့သည် ငရဲ၌ ကျရောက်ကုန်သည်ဖြစ်၍ စိုးရိမ်ကြရ၏။

၃၁၆

ရှက်ဖွယ်မဟုတ်သည်ကိုရှက်၍၊ ရှက်ဖွယ်ဟုတ်သည်ကို မရှက်တတ်ကုန်သောအယူမှားသတ္တဝါတို့သည် (မကောင်းရာ)ဒုဂ္ဂတိဘဝသို့ ရောက်ရကုန်၏။

၃၁၇

ကြောက်စရာမဟုတ်သည်ကို ကြောက်ဖွယ်ဟု၊ ကြောက်ဖွယ်ဖြစ်သည်ကို ကြောက်ဖွယ်မဟုတ်ဟု ရှုလေ့ရှိသော အယူမှားသတ္တဝါတို့သည်(မကောင်းရာ) ဒုဂ္ဂတိဘဝသို့ ရောက်ရကုန်၏။

၃၁၈

အပြစ်မဟုတ်သည်ကို အပြစ်ဟုရင်း၊ အပြစ်ဟုတ်သည်ကို အပြစ်မဟုတ်ဟုရင်း အယူရှိလျက် ရှုလေ့ရှိကုန်သော အယူမှားသတ္တဝါတို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ရပြန်၏။

၃၁၉

အပြစ်ကိုအပြစ်ဟု၊ အပြစ်မဟုတ်သည်ကို အပြစ်မဟုတ်ဟုသိကြကုန်သော အယူမှန် သတ္တဝါတို့သည်ကောင်းရာသုဂတိဘဝသို့ ရောက်ရကုန်၏။

# (၂၃)

# ဆင်

၃၂၀

ဆင်ပြောင်သည် စစ်မြေပြင်၌ လေးဖြင့်ပစ်သောမြားတို့ကို မတုန့်မလှုပ်ခံသကဲ့သို့ ငါဘုရားသည် လွန်ကျူးစော်ကားသော စကားတို့ကို သည်းခံအံ့၊ စင်စစ်လောကီသား လူအများသည် သီလမရှိကြကုန်။

၃၂၁

ယဉ်ကျေးပြီးဖြစ်သော ဆင်မြင်းတို့ကိုသာ လူစုလူဝေးရှိရာ ပွဲသဘင်သို့ ခေါ်ဆောင်၏။ ယဉ်ကျေးပြီးဖြစ်သောဆင်မြင်းတို့ကိုသာ မင်းတို့စီးကုန်၏။ လွန်ကျူးစော်ကားသော စကားကို သည်းခံနိုင်သူသည် ယဉ်ကျေးပြီးဖြစ်၍ လူတို့တွင် အမြတ်ဆုံးဖြစ်၏။

၃၂၂

အဿထိုရ် မြင်းသည်ရင်း၊ အာဇာနည် မြင်းသည်ရင်း၊ သိန္ဓောမြင်းသည်ရင်း၊ ကုဉ္ဇရဆင်ပြောင်သည်ရင်း၊ ယဉ်ကျေးပြီးမှသာလျှင် မြတ်ကုန်၏။ ကိုယ်စိတ်နှစ်ပါး ဆုံးမပြီးသူသည် ထိုမြင်းကောင်းဆင်ကောင်းတို့ထက် လွန်မြတ်၏။

၃၂၃

ပကတိ ဆင်ယာဉ်မြင်းယာဉ်တို့ဖြင့် မရောက်ဖူးသေးသော နိဗ္ဗာန်အရပ်သို့ မရောက်နိုင်၊ ဣန္ဒြေကို ဆုံးမသဖြင့်ရင်း၊ စိတ်ကိုဆုံးမသဖြင့်ရင်း၊ ယဉ်ကျေးပြီးသူသာ မရောက်ဖူးသေးသောနိဗ္ဗာန်အရပ်သို့ မုချရောက်နိုင်၏။

၃၂၄

ပြင်းထန်စွာမုန်ယစ်၍ နှိမ်နင်းရန် ခက်ခဲလှသော ဓနပါလဆင်သည် အချုပ်အနှောင်အဖွဲ့ အချည်ခံရသောအခါ အစာကိုမစားနိုင်၊ ဆင်သည်ဆင်တော၌သာ မွေ့လျော်ပျော်ပိုက်၏။

၃၂၅

အစားကြူး၊အအိပ်ကြူးသောဝက်ကြီးကဲ့သို့တလူးလူးတလည်းလည်း အိပ်လေ့ရှိသော ပညာနုံ့သူသည် (မမြဲခြင်းအနိစ္စ အစရှိသောတရားလက္ခဏာတို့ကို မဆင်ခြင်နိုင်သောကြောင့်)အဖန်တလဲလဲ ပဋိသန္ဓေနေရ၏။

## ၃၂၆

ဤစိတ်သည် ရှေးအခါက အလိုရှိရာအာရုံ၌ ကောင်းနိုးရာရာလှည့်လည် ကျက်စားခဲ့လေပြီ။ ချွန်းကိုင်သော ဆင်ထိန်းသည် အမုန်ယစ်သောဆင်ကို နှိမ်နင်းသကဲ့သို့ ငါသည် ယခုဤစိတ်ကို သင့်တင့်စွာ နှလုံးသွင်းခြင်းဖြင့် နှိပ်ကွပ်အံ့။

## ၃၂၇

မမေ့မလျော့သော တရား၌ မွေ့လျော်ကြကုန်လော့၊ မိမိစိတ်ကိုစောင့်ရှောက်ကြကုန်လော့၊ ညွှံ၌နစ်သော ဆင်သည် မိမိကိုယ်ကို ညွှံအတွင်းမှ ထုတ်ယူသကဲ့သို့ သင်တို့လည်း စိတ်ကိလေသာညွှံပျောင်းမှ မိမိကိုယ်ကို ထုတ်နုတ်ကြလေလော့။

## ၃၂၈

ပညာရင့်ကျက်၍ ကောင်းစွာ နေထိုင်လေ့ရှိသော၊ တည်ကြည်သော အတူကျင့်ဖော်အဆွေခင်ပွန်းကို ရခဲ့လျှင် ထိုအဆွေခင်ပွန်းနှင့်အတူတကွ ဘေးရန်ဟူသရွေ့ကို နှိပ်ကွပ်လျက် ဝမ်းမြောက်ဝမ်းသာ သတိရှိစွာကျင့်ရာ၏။

## ၃၂၉

ပညာရင့်ကျက်၍ ကောင်းစွာနေထိုင်လေ့ရှိသောတည်ကြည်သော အတူကျင့်ဖော်အဆွေခင်ပွန်းကို မရခဲ့မူ၊ မင်းသည်အနိုင်ရပြီးသော တိုင်းပြည်ကို စွန့်ထွက်သွားသကဲ့သို့ရင်း၊ မာတင်ဆင်မင်းသည် တော၌ တကောင်တည်း နေထိုင်လှည့်လည်သကဲ့သို့ရင်း တယောက်တည်းသာကျင့်ရာ၏။

၃၃၀

တယောက်တည်းကျင့်ခြင်းသည် မြတ်၏။ သူမိုက်၌ အဆွေခင်ပွန်းဖြစ်ရာအကြောင်းသည်မရှိ၊ မာတင်ဆင်မင်းသည် တော၌ တကောင်တည်းကြောင့်ကြမဲ့ လှည့်လည်သကဲ့သို့ တယောက်တည်းသာလျှင် ကြောင့်ကြမဲ့ ကျင့်ရာ၏။ မကောင်းမှုတို့ကို မပြုရာ။

၃၃၁

အဆွေခင်ပွန်း ရှိခြင်းသည် အရေးကိစ္စ ပေါ်ပေါက်သော အခါ ချမ်းသာ၏။ ရသမျှဥစ္စာပစ္စည်းဖြင့် ရောင့်ရဲခြင်းသည် ချမ်းသာ၏။ ကုသိုလ်ကောင်းမှုရှိခြင်းသည် အသက်ကုန်ခါနီး၌ ချမ်းသာ၏။ ဆင်းရဲအလုံးစုံကိုပယ်ခြင်းသည် ချမ်းသာ၏။

၃၃၂

လောက၌အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏။ အဖကိုပြုစု လုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏။ ရဟန်းတို့ကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်းဖြစ်၏။ မကောင်းမှုမှအပပြုပြီးသူ ဘုရားပစ္စေကဗုဒ္ဓါရဟန္တာတို့ကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်း ဖြစ်၏။

၃၃၃

သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ သဒ္ဓါတရားခိုင်မြဲခြင်းသည် ချမ်းသာ၏။ ပညာကိုရရှိခြင်းသည် ချမ်းသာ၏။ မကောင်းမှုမပြုခြင်းသည် ချမ်းသာ၏။

# (၂၄)

## တဏှာ

၃၃၄

မေ့လျော့သောသတ္တဝါ၌ မာလောနွယ်ပမာ တဏှာသည် တိုးပွား၏။ သစ်သီးခူးသော မျောက်သည် သစ်ပင်တပင်မှ တပင်ခုန်ပျံကူးသန်းသကဲ့သို့ တဏှာတိုးပွားသူသည် တဘဝမှ တဘဝသို့ ကူးသန်းရာ၏။

၃၃၅

မိုးရွာသောအခါ ဗိန်းရွက်များ ကြီးပွားသကဲ့သို့ ကပ်ငြိတွယ်တာ၍ ယုတ်မာသောတဏှာ၏ အညှဉ်းဆဲခံရသူ၌ စိုးရိမ်ကြောင့်ကြမှုတို့သည် ကြီးပွားကုန်၏။

၃၃၆

ရေပေါက်သည် ကြာရွက်မှ လျှောကျသကဲ့သို့ စိုးရိမ်ကြောင့်ကြမှုတို့သည် လွန်ဆန်နိုင်ခဲသောတဏှာကိုညှဉ်းဆဲနိုင်သူသတ္တဝါန်မှ လျှောကျကုန်၏။

၃၃၇

ထို့ကြောင့် ဤအရပ်၌ အညီအညွတ် စည်းဝေးလာကြကုန်သော သင်တို့အား ငါသည် ကောင်းသောတရားကို ဟောအံ့။ မြိန်းမြက်၏ အမြစ်ကိုအလိုရှိသူသည် အပင်ကို ဘူးရသကဲ့သို့ နိဗ္ဗာန်ကိုအလိုရှိသူသည် တဏှာ၏ အမြစ်အရင်းကို တူးပစ်ကြလော့၊ ရေအလျင်သည် ကျူပင်ကိုဖျက်ဆီးသကဲ့သို့ ကိလေသာမာရ်သည် သင်တို့အား မဖျက်ဆီးပါစေနှင့်။

၃၃၈

ရေသောက်မြစ်ကိုမနှုတ်ဘဲ ပင်စည်ကိုသာ ချိုးဖြတ်လျှင် သစ်ပင်သည် တဖန်ပေါက်ရောက်နိုင်သကဲ့သို့ ကိန်းအောင်းနေသောတဏှာကို မဖျက်ဆီးသည်ရှိသော် ပဋိသန္ဓေ နေရခြင်းစသောဆင်းရဲခြင်းသည် အထပ်ထပ်အခါခါဖြစ်ရ၏။

၃၃၉

အကြင်ပုဂ္ဂိုလ်၌ အလွန်အမင်းနှစ်သက်ဖွယ် အာရုံတို့သို့ စီးဆင်းကုန်သော သုံးဆယ့်ခြောက်ပါးသော တဏှာရေအလျင်သည်ရှိ၏။ ထိုပုဂ္ဂိုလ်အား ရာဂနှင့်စပ်သော အားကြီးသော အကြံအစည်တို့သည် ဆောင်ယူသွားလေ၏။

၃၄၀

တဏှာရေအလျှင်သည် အလုံးစုံသောအာရုံတို့သို့ စီးယို၏။ တဏှာနွယ်သည် ဒွါရခြောက်ပါး၌ဖြစ်၍၊ အာရုံခြောက်ပါး၌ တည်၏။ ထိုတဏှာနွယ်၏အမြစ်ကို မဂ်ပညာဖြင့်ဖြတ်ကုန်လော့။

၃၄၁

အကြင်သတ္တဝါတို့၌ အောက်မေ့ခြင်း၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်းတို့သည် ဖြစ်ကုန်၏။ သတ္တဝါတို့သည် သာယာမှုကိုသာ မှီခိုလျက် ကာမချမ်းသာကိုရှာမှီးကုန်ရကား ပဋိသန္ဓေနေခြင်း၊ အိုခြင်းတို့သို့ မုချကပ်ရောက်ရကုန်၏။

၃၄၂

တဏှာ၏ ဝန်းရံသိမ်းပိုက်ခံရသော သတ္တဝါတို့သည်ကျော့ကွင်း၌ မိသောယုန်ပမာ ထိတ်လန့်ကြောက်ရွံ့ ကြရ ကုန်၏။ ကာမရာဂစသော သံယောဇဉ်အစေးဖြင့် ကပ်ငြိကုန်သောသူတို့သည် ကြာမြင့်စွာသော ကာလပတ်လုံး အဖန်တလဲလဲပဋိသန္ဓေနေခြင်း စသောဆင်းရဲသို့ ဆိုက်ရောက်ကြရကုန်၏။

၃၄၃

တဏှာ၏ဝိုင်းရံသိမ်းပိုက်ခြင်းခံရကုန်သော သတ္တဝါတို့သည် ကျော့ကွင်း၌ မိသောယုန်ကဲ့သို့ ကြောက်ရွံ့ထိတ်လန့် ကြရကုန်၏။ ထို့ကြောင့် ရာဂကင်းသောအဖြစ်ကို လိုလားတောင့်တသူသည် တဏှာကို ပယ်ဖျောက်ရာ၏။

## ၃၄၄

အကြင်သူသည် (အိမ်ရာထောင်ခြင်းအစရှိသော)လူ့အဖြစ်နေခြင်း၊ တဏှာတောကို စွန့်၍တရားအကျင့်ဟူသော တောသို့သက်ဝင်ခဲ့၏။ တဖန် ထိုတောမှ အိမ်ရာထောင်မှုတဏှာတောသို့ ပြန်လည်ပြေးဝင်ပြန်၏။ လာကြကုန်၊ ရှုကြကုန်လော့၊ အိမ်ရာထောင်မှုအနှောင်အဖွဲ့မှလွတ်မြောက်ပြီးမှ တဖန် ယင်းအနှောင်အဖွဲ့အတွင်း ပြန်လည်သက်ဆင်းသော ထိုသူအား ရှုမြင်သုံးသပ်ကြကုန်လော့။

## ၃၄၅/၃၄၆

သံဖြင့် ပြုလုပ်သော (လက်ထိပ်၊ ခြေကျဉ်း အစရှိသည့်) အနှောင်အဖွဲ့၊ သစ်သားဖြင့် ပြုလုပ်သော(ထိပ်တုံးအစရှိသည့်) အနှောင်အဖွဲ့၊ မြက်လျှော်တို့ဖြင့် ပြုလုပ်သော ကြိုးအစရှိသည့် အနှောင်အဖွဲ့တို့အား ခိုင်မာမြဲမြံသော အနှောင်အဖွဲ့ဟူ၍ ပညာရှိတို့မဆိုကြကုန်။ ပစ္စည်းဥစ္စာရတနာ၌၎င်း၊ သားသမီး ဇနီးမယားတို့၌၎င်း အလွန်နှစ်သက်တပ်မက်မှု တဏှာကိုသာလျှင် ခိုင်မာမြဲမြံသော အနှောင်အဖွဲ့ဟုဆိုကြကုန်၏။ ပညာရှိတို့သည် အပါယ်ငရဲအစရှိသော ယုတ်နိမ့်ရာသို့ ဆောင်တတ်ပြီး လျော့ရဲဟန်ရှိသော်လည်း ရုန်းထွက်နိုင်ရန်ခဲယဉ်းသည့် တဏှာအနှောင်အဖွဲ့ကို ရုန်းဖြတ်၍ ကာမချမ်းသာကို စွန့်လွှတ်ကာ တောထွက်ကြကုန်၏။

၃၄၇

ပင့်ကူသည် မိမိပြုသော ပိုက်ကွန်၌အိပ်စက်သကဲ့သို့ သတ္တဝါတို့သည် ပြင်းပြ တပ်မက်စွာပြုအပ်သော တဏှာအယဉ်၌ ကျရောက်ကုန်၏။ ပညာရှိသည် တဏှာကို ဖြတ်၊ ခပ်သိမ်းသော ဆင်းရဲကို စွန့်လျက် (နိဗ္ဗာန်)သို့ သွားကုန်၏။

၃၄၈

လွန်လေပြီးသော ခန္ဓာ၌တဏှာကိုစွန့်လော့။လာလတ္တံ့သော ခန္ဓာ၌ တဏှာကို စွန့်လော့။လက်ရှိ ပစ္စုပ္ပန် ခန္ဓာ၌တဏှာကို စွန့်လော့။ အလုံးစုံသော ခန္ဓာ၌ တဏှာကို စွန့်လွှတ်သော စိတ်ဖြင့် ဘဝသုံးပါး၏ အဆုံးသို့ ရောက်သည်ဖြစ်၍ နောက်တဖန် အိုခြင်း၊ နာခြင်းသို့ မကပ်ပါလေနှင့်။

၃၄၉

ကာမဂုဏ်စိတ် အကြံ ရာဂစိတ် ထက်သန်သော၊သာယာမှုကိုသာ အခါခါ ရှု့သော သတ္တဝါ၌ တဏှာသည် အလွန်တိုးပွား၏။ ဤသူသည် မာရ်၏ အနှောင်အဖွဲ့ကို ခိုင်မြဲအောင်ပြု၏။

၃၅၀

အကြင်ပုဂ္ဂိုလ်သည် ကာမဂုဏ် ခပ်သိမ်းငြိမ်းခြင်း၌ မွေ့လျော်၏။ သတိရှိ၏။ အခါခပ်သိမ်း မတင့်တယ်မှု၊ (အသုဘ အာရုံ)ကိုသာ ပွားများ၏။ ဤပုဂ္ဂိုလ်သည် မာရ်အနှောင်အဖွဲ့ကို ကင်းစင်အောင် ဖြတ်တောက်၏။

## ၃၅၁

ရဟန်းကိစ္စပြီးဆုံးခြင်းသို့ ရောက်သူ၌ ထိတ်လန့်ခြင်းမရှိ။ တဏှာကင်း၏။ ကိလေသာကင်း၏။ ဘဝတဖန် ဖြစ်ရာ ရာဂစသော ငြောင့်ကံသင်းတို့ကို ဖြတ်ပြီးဖြစ်၏။ (လက်ရှိဘဝ၌ဖြစ်သော) ထိုရဟန်း၏ ခန္ဓာကိုယ်သည် အဆုံးစွန်ဖြစ်၏။

## ၃၅၂

အကြင်သူသည် တဏှာကင်း၏။ အစွဲ အလမ်းလည်း မရှိ။ နိရုတ္တိပဋိသမ္ဘိဒါ (ဝိဂြိုဟ်ဆိုခြင်း၊ ပုဒ်ရွတ်ခြင်း) ၌လိမ္မာ၏။ အက္ခရာ အပေါင်းကိုလည်း သိ၏။ ရှေ့နောက် အက္ခရာတို့၏ အဆက်အစပ်ကိုလည်း သိ၏။ နောက်ဆုံးဘဝဖြစ်သော ခန္ဓာလည်းရှိ၏။ ထိုပုဂ္ဂိုလ်အား ကြီးစွာသော ပညာရှင် ယောကျ်ားမြတ်ဟု ခေါ်ဆိုအပ်၏။

## ၃၅၃

ငါသည် အလုံးစုံသော တရားတို့ကို နှိမ်နင်း၍ အောင်ခဲ့၏။ အလုံးစုံသော သဘောတရားကို သိ၏။ အလုံးစုံသော သဘောတရား၌ ကပ်ငြိ တွယ်တာခြင်းမရှိ။ အလုံးစုံသော တေဘူမကတရားကိုစွန့်၏။ တဏှာကုန်ရာအရဟတ္တဖိုလ်၌တည်၍ ကိလေသာမှ လွတ်၏။ ကိုယ်တိုင်ကျင့်ကြံအားထုတ်၍ ထူးသောဉာဏ်ဖြင့် သိမြင်သော ငါသည် အဘယ်သူကို ဆရာဟူ၍ ပြည့်နှင်းရအံ့နည်း။

၃၅၄

တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏။ တရားအရသာသည် အရသာ အားလုံးကို အောင်နိုင်၏။ တရား၌မွေ့လျော်ခြင်းသည် အလုံးစုံသော မွေ့လျော်ခြင်းတို့ကိုအောင်နိုင်၏။ တဏှာကုန်ရာ အရဟတ္တဖိုလ်သည် အလုံးစုံသော ဆင်းရဲကိုအောင်နိုင်၏။

၃၅၅

စည်းစိမ်ဥစ္စာသည် ပညာမဲ့သူအားဖျက်ဆီး၏။နိဗ္ဗာန်ကမ်းသို့လှမ်းသူတို့အား မဖျက်ဆီးနိုင်။ ပညာမဲ့သည် ပစ္စည်းဥစ္စာတပ်မက်ခြင်းဖြင့် သူတပါးကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကိုလည်း ဖျက်ဆီးတတ်၏။

၃၅၆

ပေါင်းမြက်သည် လယ်ယာကို ဖျက်ဆီး၏။ ရာဂသည် သတ္တဝါတို့အား ဖျက်ဆီး၏။ ထိုကြောင့်ရာဂကင်းသောပုဂ္ဂိုလ်တို့အား ပေးလှူခြင်းသည် အကျိုးကြီး၏။

၃၅၇

ပေါင်းမြက်သည်လယ်ယာကိုဖျက်ဆီး၏။ဒေါသသည်သတ္တဝါတို့ကို ဖျက်ဆီး၏။ ထို့ကြောင့် ဒေါသကင်းသော ပုဂ္ဂိုလ်အား ပေးကမ်း လှူဒါန်းခြင်းသည် အကျိုးကြီး၏။

၃၅၈

ပေါင်းမြက်သည် လယ်ယာကိုဖျက်ဆီး၏။ မောဟသည် သတ္တဝါတို့အား ဖျက်ဆီး၏။ ထို့ကြောင့် မောဟကင်းသော ပုဂ္ဂိုလ်အား ပေးကမ်းလှူဒါန်းခြင်းသည် အကျိုးကြီး၏။

၃၅၉

ပေါင်းမြက်သည် လယ်ယာကို ဖျက်ဆီး၏။ အလိုရမက်သည် သတ္တဝါတို့ကို ဖျက်ဆီး၏။ ထို့ကြောင့် အလိုရမက် ကင်းသော ပုဂ္ဂိုလ်အား ပေးကမ်းလှူဒါန်းခြင်းသည် အကျိုးကြီး၏။

# (၂၅)

# ရဟန်း

## ၃၆၀

အကုသိုလ် မဖြစ်ရန် မျက်စိကို စောင့်စည်း ပိတ်ဆို့မှုသည် ကောင်း၏။ နားကို စောင့်စည်း ပိတ်ဆို့မှုသည်ကောင်း၏။ နှာခေါင်းကိုစောင့်စည်းပိတ်ဆို့မှုသည် ကောင်း၏။ လျှာကို စောင့်စည်း ပိတ်ဆို့မှုသည် ကောင်း၏။

## ၃၆၁

ကိုယ်ကာယကို စောင့်စည်းပိတ်ဆို့မှုသည် ကောင်း၏။ စိတ်ကို စောင့်စည်း ပိတ်ဆို့မှုသည်ကောင်း၏။ နှုတ်ကို စောင့်စည်း ပိတ်ဆို့မှုသည် ကောင်း၏။ အလုံးစုံသော ဒွါရတို့၌စောင့်စည်း ပိတ်ဆို့မှုသည် ကောင်း၏။ အလုံးစုံသော ဒွါရတို့ကို စောင့်စည်းပိတ်ဆို့နိုင်သော ရဟန်းသည် ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်နိုင်၏။

## ၃၆၂

အကြင်သူသည် လက်ကိုရင်း၊ ခြေကိုရင်း၊ နှုတ်ကိုရင်း၊ တကိုယ်လုံးကိုရင်း စောင့်စည်း၏။ ကမ္မဋ္ဌာန်းစီးဖြန်းမှု၌ မွေ့လျော်၏။ တည်ကြည်သော စိတ်ရှိ၏။ တယောက်တည်းနေ၍ ရသမျှဖြင့် ရောင့်ရဲနိုင်၏။ ထိုသူကို ရဟန်းဟု ဆိုကုန်၏။

## ၃၆၃

အကြင်ရဟန်းသည် နှုတ်ကို စောင့်စည်း၏။ ပညာဖြင့် ဆင်ခြင်၍ ပြောဆို၏။ မပျံ့မလွင့်သော စိတ်လည်းရှိ၏။ အနက်ကိုရင်း၊ ပါဠိကိုရင်း ဟောပြတတ်၏။ ထိုရဟန်း၏ စကားသည် ချိုမြိန်၏။

## ၃၆၄

တရားနှင့်အညီ ကျင့်ကြံ၍၊ တရား၌ မွေ့လျော်ပြီး၊ တရားကိုသာ အဖန်ဖန် အောက်မေ့တတ်သူ ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်ချေ။

## ၃၆၅

မိမိရရှိသည့် လာဘ်လာဘကို မတရား ရှာဖွေခြင်းအားဖြင့် စက်ဆုပ်ဖွယ်ဖြစ်စေရာ။ သူတပါး၏ လာဘ်လာဘကို မနှစ်သက် မတောင့်တရာ။ သူတပါး၏ လာဘ်လာဘကို နှစ်သက် တောင့်တသော ရဟန်းသည် တည်ကြည်မှုသမာဓိကို မရနိုင်။

၃၆၆

ရဟန်းသည် နည်းပင်နည်းသော်လည်း စက်ဆုပ်ဖွယ် မဟုတ်သော လာဘ်လာဘကို တရားသဖြင့် ရှာမှီးလျှင် အသက်မွေးစင်ကြယ်သဖြင့်၊မပျင်းမရှိ လုံ့လရှိသော ထိုရဟန်းအား နတ်တို့ကေန် ချီးမွမ်းကုန်၏။

၃၆၇

အကြင်ပုဂ္ဂိုလ်သည် ရုပ်နာမ်တရားတို့၌(ငါ၊ ငါ၏ ဥစ္စာ ဟူသော)အစွဲအလမ်းသည်မရှိ။ ထိုရုပ်နာမ် ပျက်စီးသော်လည်း မစိုးရိမ်။ ထိုပုဂ္ဂိုလ်ကို ဘိက္ခုဟု ဆိုအပ်၏။

၃၆၈

မေတ္တာတရားကို ပွားများလေ့ရှိသော၊ မြတ်စွာဘုရား၏ သာသနာတော်ကို ကြည်ညိုသော ရဟန်းသည် သင်္ခါရတရားငြိမ်းရာ ငြိမ်းချမ်းသောနိဗ္ဗာန်ကို ရနိုင်၏။

၃၆၉

ရဟန်း ဤခန္ဓာတည်းဟူသော လှေမှ မိစ္ဆာဝိတက်ဟူသော ရေကို ပက်ထုတ်လော့။ သို့မှသာ သင်၏ ခန္ဓာလှေသည် လျင်မြန်စွာ သွားလတ္တံ့။ ရာဂ၊ဒေါသတို့ကိုပယ်ဖြတ်နိုင်လျှင်နိဗ္ဗာန်သို့ရောက်လတ္တံ့။

## ၃၇၀

အောက်ပိုင်း သံယောဇဉ် ငါးပါးကို ဖြတ်ရာ၏။ အထက်ပိုင်း သံယောဇဉ် ငါးပါးကို စွန့်ရာ၏။ (သဒ္ဓါ၊ ဝီရိယ၊ သတိ၊ သမာဓိ၊ ပညာ) ငါးပါးသော တရားကို ပွားရာ၏။ ငြိတွယ်ခြင်း ငါးပါးကို လွန်မြောက်ရာ၏။ ထိုအမှုတို့ကို ပြုပြီးသော ရဟန်းအား "သံသရာ ဝဲသြဃကို ကူးမြောက်ပြီးသူ" ဟု ဆိုအပ်၏။

## ၃၇၁

အိုရဟန်း ကမ္မဋ္ဌာန်းရှုလော့၊ မမေ့ မလျော့နှင့်၊ သင့်စိတ်ကို ကာမဂုဏ်၌ မမွေ့လျော်နှင့်၊ မေ့လျော့၍ သံတွေခဲကို မမျိုနှင့် လောင်းကျွမ်းသည်ရှိသော်၊ "ဆင်းရဲလှချည့်" ဟု မငိုကြွေးနှင့်။

## ၃၇၂

ပညာမရှိသူ၌ သမာဓိဈာန်မရှိ။ သမာဓိဈာန်မရှိသူ၌ ဝိပဿနာ ပညာသည်မရှိ။ အကြင်ပုဂ္ဂိုလ်၌ သမာဓိဈာန်၊ ဝိပဿနာပညာ သည် ရှိ၏။ ထိုပုဂ္ဂိုလ်သည် နိဗ္ဗာန်နှင့် ကေန်နီးစပ်၏။

## ၃၇၃

ဆိတ်ငြိမ်ရာအရပ်၌ နေလော့ရှိ၍၊ စိတ်ငြိမ်သက်သော၊ တရား ကို ကောင်းစွာ ဆင်ခြင်သော ရဟန်းတွင် "လူသာမန် တို့နှင့် မထိုက်သောဈာန်၊ မဂ်ဖိုလ်၊ နိဗ္ဗာန်တရားတို့၌ မွေ့လျော်ခြင်း" သည် ဖြစ်၏။

၃၇၄

ခန္ဓာ ငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို ဆင်ခြင် သုံးသပ်တိုင်း ဝမ်းမြောက်ခြင်း၊ နှစ်သက်ခြင်းကို ရလေ၏။ ထိုနှစ်သက်ဝမ်းမြောက်ခြင်းသည် တရားမှန်ကိုသိသော ပညာရှိတို့အတွက် နိဗ္ဗာန် ရောက်ကြောင်းပင် ဖြစ်၏။

၃၇၅

ဤသာသနာတော်၌ ဣန္ဒြေကို စောင့်ထိန်းမှု (အာဇီဝပစ္စယ နှစ်ပါး၌)ရောင့်ရဲမှု၊ ပါတိမောက္ခ သီလကို စောင့်စည်းမှုဟူသော စင်ကြယ်သော သီလလေးပါး (စတုပါရိ သုဒ္ဓိသီလ) သည် ပညာရှိ ရဟန်းအတွက် နိဗ္ဗာန်ရောက်ကြောင်း အကျင့်၏ အစအဦး ဖြစ်၏။

၃၇၆

စင်ကြယ်စွာ အသက်မွေးသော မပျင်းရိသော မိတ်ဆွေကောင်းကို ဆည်းကပ်ရာ၏။ အာမိသဓမ္မ ပဋိသန္ထာရ နှစ်ပါးနှင့် ပြည့်စုံစေရာ၏။ ကျင့်ဝတ်သီလ၌ လိမ္မာရာ၏။ ထိုအကြောင်းတို့ကြောင့် ဝမ်းမြောက်မှုများ ဖြစ်လတ္တံ့၊ ဆင်းရဲ၏ အဆုံးသို့ ရောက်လတ္တံ့။

၃၇၇

မုလေး ပန်းပင်သည် ရင့်ရော် ညှိုးလျှတန်သော အပွင့်တို့ကို ချွေချ စွန့်လွှတ်သကဲ့သို့(ရဟန်းတို့) သင်တို့သည် ရာဂကိုလည်း၊ ဒေါသကိုလည်း စွန့်လွှတ် ကြကုန်လော့။

၃၇၈

တည်ကြည်ငြိမ်သက်သောကိုယ်၊ တည်ကြည် ငြိမ်သက်သော နှုတ်၊တည်ကြည်ငြိမ်သက်သော စိတ်ရှိသော၊ လောကီစည်းစိမ် အရှိန်အဝါတို့ကို ထွေးအန်ပြီးသူ ရဟန်းအား ငြိမ်းအေးသော ရဟန်း(ငြိမ်သက်သော ပုဂ္ဂိုလ်)ဟု ဆိုအပ်၏။

၃၇၉

ရဟန်း၊မိမိကိုယ်ကိုမိမိ စောကြော စစ်ဆေးလော့၊မိမိကိုယ်ကို မိမိ ဆင်ခြင်လော့၊ မိမိကိုယ်ကိုမိမိ စောင့်ရှောက်လော့၊ သတိရှိသောသင်သည် ချမ်းသာစွာ နေရလတ္တံ့။

၃၈၀

မိမိသည်သာလျှင် မိမိ၏ ကိုးကွယ်ရာတည်း။ မိမိသည်သာလျှင် မိမိ၏ လဲလျောင်းရာတည်း။ မြင်းကုန်သည်သည် အမျိုးကောင်းမြင်းကို စောင့်ရှောက်သကဲ့သို့၊ မိမိကိုယ်ကိုမိမိ စောင့်ရှောက်လေလော့။

၃၈၁

မြတ်စွာဘုရား၏ သာသနာတော်၌ ကြည်ညိုမြတ်နိုး၍၊ ဝမ်းမြောက်ခြင်းရှိသော ရဟန်းသည် သင်္ခါရခပ်သိမ်း ကင်းငြိမ်းရာ ငြိမ်သက် ချမ်းမြေ့သော နိဗ္ဗာန်ကို ရရာ၏။

၃၈၂

အကြောင်ရဟန်းသည် ငယ်ရွယ်သော်လည်း ဘုရားသာသနာတော်၌ လုံ့လကြိုးကုတ်အားထုတ်၏။ ထိုရဟန်းသည် တိမ်တိုက်မှ လွတ်သော လမင်းပမာ ဤလောကကို ထွန်းလင်းတောက်ပစေ၏။

# (၂၆)

# ဗြဟ္မဏဝဂ်

၃၇၃

သူတော်ကောင်း၊ တဏှာတည်း ဟူသောအယဉ်ကိုဖြတ်လော့၊ လုံ့လပြု၍ ကာမတို့ကို ပယ်လော့၊ သင်္ခါရတို့၏ ကုန်ရာကို သိလော့၊ မပြုပြင်အပ်သော နိဗ္ဗာန်ကို သိလော့။ ရဟန္တာဖြစ်လေလော့။

၃၇၄

သူတော်ကောင်းသည် သမထ ဝိပဿနာ တရားနှစ်ပါးအရာ၌ တဖက်ကမ်းခပ်၏။ ထိုအခါ တရားမှန်သိသော သူတော်ကောင်း၌ အလုံးစုံသော ကာမ၊ ရာဂ၊ သံယောဇဉ်တို့သည် ချုပ်ငြိမ်းကုန်၏။

၃၇၅

အကြင်ပုဂ္ဂိုလ်၌(အတွင်းအာယာတန ခြောက်ပါးတည်းဟူသော)ဤမှာဘက်ကမ်းသည်ရှင်း၊ (အပြင် အာယာတနခြောက်ပါးတည်းဟူသော) ထိုမှာ ဘက်ကမ်းသည်ရှင်းမရှိ။ပူပန်ခြင်းကင်း၍ ကိလေသာနှင့်လည်း မယှဉ်ချေ၊ ထိုပုဂ္ဂိုလ်အား ဗြာဟ္မဏဟု ငါဘုရား ဟောတော်မူ၏။

၃၇၆

အနိစ္စစသောလက္ခဏာကိုရှု၍ ကိလေသာမှု ကင်းစင်လျက်၊ တကိုယ်တည်းနေလေ့ရှိသော ရဟန်းကိစ္စပြုပြီးဖြစ်သော အာသဝေါကင်း၍ အရဟတ္တဖိုလ်သို့ရောက်သော ပုဂ္ဂိုလ်ကိုဗြာဟ္မဏဟု ငါဘုရားဟောတော်မူ၏။

၃၇၇

နေသည် နေ့အခါ၌သာတင့်တယ်၏။ လသည်ညအခါ၌သာတင့်တယ်၏။ မင်းသည် မင်းဝတ်တန်ဆာဆင်မှသာ တင့်တယ်၏။ ရဟန္တာသည် ဈာန်ဝင်စားမှသာ တင့်တယ်၏။ မြတ်စွာဘုရားသည်ကား တန်ခိုးတော်ဖြင့် အလုံးစုံသော ကာလတို့၌ တင့်တယ်၏။

၃၈၈

မကောင်းမှုမှအပ ပြုပြီးသူအား ဗြဟ္မာဏဟု ခေါ်အပ်၏။ မကောင်းမှုကို ငြိမ်းစေသောအကျင့်ရှိသူကို သမဏဟု ခေါ်အပ်၏။ မိမိ၏ကိလေသာ အညစ်အကြေး ပယ်ထုတ်ပြီးသူကို ပဗ္ဗဇိတဟု ခေါ်အပ်၏။

၃၈၉

သူတော်ကောင်း (ဗြဟ္မာဏ)ကို မပုတ်ခတ်ရာ။ သူတော်ကောင်းသည် မိမိအား ပုတ်ခတ်သူကို အမျက်မထွက်ရာ။ သူတော်ကောင်းကို ပုတ်ခတ်ခြင်းသည် စက်ဆုပ်ဖွယ်ဖြစ်၏။ ပုတ်ခတ်သူအား အမျက်ထွက်သူသည် ထို့ထက်ပို၍ စက်ဆုပ်ဖွယ်ဖြစ်၏။

၃၉၀

ချစ်ခင်နှစ်သက်ခြင်းကြောင့် ဖြစ်ပေါ်လာသောဒေါသစိတ်ကို မတားမြစ်နိုင်ခြင်းသည် သူတော်ကောင်းအတွက် စိုးစဉ်းမျှမမြတ်။ ညှဉ်းဆဲလိုသော (ဒေါသ)စိတ်မဖြစ်အောင် တားမြစ်ခြင်းသည် ဆင်းရဲမှုငြိမ်းရာဖြစ်လေ၏။

၃၉၁

အကြင်ပုဂ္ဂိုလ်သည် ကိုယ်ဖြင့်၎င်း၊ နှုတ်ဖြင့်၎င်း၊ စိတ်ဖြင့်၎င်း မကောင်းမှုမပြု၊ ကိုယ်နှုတ်စိတ် သုံးပါးလုံးကို စောင့်ရှောက်သော ထိုပုဂ္ဂိုလ်အား ဗြဟ္မာဏဟု ငါဘုရား ဟောတော်မူ၏။

၃၉၂

အကြင်ဆရာထံမှ မြတ်စွာဘုရားဟောကြားအပ်သောတရား ကိုသိ၏။ ပုဏ္ဏားသည် မီးကိုပူဇော်သကဲ့သို့ ထိုဆရာကို ရိုသေစွာရှိခိုးရာ၏။

၃၉၃

ဆံကျစ်ထုံးခြင်း (စသောလက္ခဏာ) အားဖြင့်၎င်း၊ အနွယ်အားဖြင့်၎င်း၊ ဇာတ်အားဖြင့်၎င်း ဗြာဟ္မဏဖြစ်နိုင်။ သစ္စာဉာဏ်နှင့် လောကုတ္တရာတရားရှိသူသာလျှင် စင်ကြယ်သူလည်းဖြစ်၏။ဗြာဟ္မဏလည်းဖြစ်၏။

၃၉၄

အို....ပညာမဲ့သောရသေ့၊ ဆံကျစ်ထုံးခြင်း၊ သစ်နက်ရေ ဝတ်ခြင်းတို့သည် သင့်အားအဘယ်အကျိုးရှိစေအံ့နည်း။သင်၏ ကိုယ်တွင်း၌ ကိလေသာတောရှိ၏။ သင်ကား ပြင်ပကိုသာ သုတ်သင်နေ၏။

၃၉၅

ပံ့သုကူသင်္ကန်းကို ဆောင်သော၊ကြုံလှီ၍ အကြောပြိုင်းပြိုင်း ထသော၊ တယောက်တည်း တော၌ ဈာန်ဝင်စားလေ့ရှိသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟု ငါဘုရား ဟော၏။

၃၉၆

ပုဏ္ဏားမျိုးဖြစ်သော ပုဏ္ဏေးမက မွေးတိုင်း ဗြဟ္မဏဟု ငါဘုရားမဟော။ ထိုပုဏ္ဏားသည် ရာဂ အစရှိသော ကြောင့်ကြမှုကိလေသာ ရှိခဲ့လျှင် ဘောဝါဒီသာ မည်၏။ ကြောင့်ကြမှုကိလေသာလည်းမရှိ၊ အစွဲအလမ်းသည်း မရှိသော ပုဂ္ဂိုလ်ကို ဗြဟ္မဏဟုငါဘုရား ဟော၏။

၃၉၇

အကြင်ပုဂ္ဂိုလ်သည် အနှောင်အဖွဲ့ သံယောဇဉ် အားလုံးကို ဖြတ်၍ ပူပန်မှုကင်း၏။ ကပ်ငြိတတ်သော ကိလေသာကို လွန်ပြီးသူ ထိုပုဂ္ဂိုလ်ကို ဗြဟ္မဏဟု ငါဘုရားဟော၏။

၃၉၈

ဒေါသတည်းဟူသော နှောင်ကြိုးကိုင်း၊ တဏှာတည်းဟူသော လွန်ကြိုးကိုင်း၊ ကိလေသာနှင့်တကွသော မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့် နှစ်ပါးတည်း ဟူသော ဆူးကြိုးကိုင်း ဖြတ်တောက်၍ အဝိဇ္ဇာတံခါး မင်းတုန်းကို ဖြုတ်ပယ်ပြီးသစ္စာလေးပါး တရားကို သိမြင်သော ပုဂ္ဂိုလ်အား ဗြဟ္မဏဟု ငါဘုရားဟော၏။

၃၉၉

အကြင်ပုဂ္ဂိုလ်သည် ဆဲရေးခြင်း၊ ပုတ်ခတ်ညှဉ်းဆဲခြင်း၊ နှောင်ဖွဲ့ခြင်းတို့ကို အမျက်မထွက်ဘဲ သည်းခံ၏။ သည်းခံခြင်းတည်းဟူသောစစ်သည်ဗိုလ်ပါရှိသောယင်းပုဂ္ဂိုလ်အား ဗြဟ္မဏဟု ငါဘုရားဟော၏။

၄၀၀

အမျက်လည်းမထွက်၊ ဓုတင်အကျင့်လည်းရှိ၊ သီလလည်း ပြည့်စုံ၊ တဏှာလည်းကင်းသော၊ ယဉ်ကျေး၍ အဆုံးစွန်သော ကိုယ် ရှိသည့် ပုဂ္ဂိုလ်အား ဗြာဟ္မဏဟု ငါဘုရားဟော၏။

၄၀၁

ကြာဖက်တွင် ရေမတင်သကဲ့သို့၎င်း၊ ပွတ်ဆောက် စူးဖျား၌ မုန်ညင်းစေ့မတည်သကဲ့သို့၎င်း ကာမ၌ မကပ်ငြိ မလိမ်းကျံ သော ပုဂ္ဂိုလ်အား ဗြာဟ္မဏဟု ငါဘုရားဟော၏။

၄၀၂

အကြင်ပုဂ္ဂိုလ်သည် ဤဘ၀၌ပင် မိမိ၏ ဆင်းရဲကုန်၍၊ နိဗ္ဗာန်ကိုသိ၏။ ခန္ဓာတည်း ဟူသော ၀န်ကိုချ၍၊ ကိလေသာလည်း မယှဉ်သောယင်းပုဂ္ဂိုလ်အား ဗြာဟ္မဏဟု ငါဘုရား ဟော၏။

၄၀၃

နက်နဲ၍ ထက်မြက်သော ပညာရှိသည် အမှားအမှန် ၀ေခွဲ ရာ၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသူ ပုဂ္ဂိုလ်အား ဗြာဟ္မဏဟု ငါဘုရား ဟော၏။

၄၀၄

လူတို့နှင့်၎င်း၊ ရဟန်းတို့နှင့်၎င်း မရောယှက်ဘဲ၊ တဏှာ ကင်းကြောင်းအကျင့်၌ တည်သော အလိုနည်းသောပုဂ္ဂိုလ်အား ဗြာဟ္မဏဟု ငါဘုရားဟော၏။

၄၀၅

အကြင် ပုဂ္ဂိုလ်သည် ထိတ်လန့်တတ်ကုန်သော ပုဂ္ဂိုလ်တို့ကို ၎င်း၊ မကြောက်မလန့်တည်တံ့သော ရဟန္တာ ပုဂ္ဂိုလ်တို့ကို၎င်း၊ မညှဉ်းဆဲမူ၍ တုတ်လက်နက်ကို စွန့်ပယ်ထားပြီးဖြစ်၏။ မိမိလည်း မညှဉ်းဆဲ မသတ်ဖြတ်၊ သူတပါးကိုလည်း ညှဉ်းဆဲသတ်ဖြတ်ရန် စေခိုင်းခြင်းမပြု။ ယင်း ပုဂ္ဂိုလ်အား ဗြာဟ္မဏဟု ငါဘုရား ဟော၏။

၄၀၆

ဆန့်ကျင်ဘက် ပြုသူတို့ကို မဆန့်ကျင်၊ လက်နက်စွဲကိုင်(ရန်ပြုသူ)တို့အားရန်မတုံ့ပြန်ဘဲစွဲလမ်းအပ်သော အရာကို မစွဲလမ်းသည့် ပုဂ္ဂိုလ်အား ဗြာဟ္မဏဟု ငါဘုရားဟော၏။

၄၀၇

မုန်းညင်းစေ့သည် ပွတ်ဆောက်ဆူးဖျားမှ လျှောကျသကဲ့သို့ စွဲမက်မှု၊ အမျက်ထွက်မှု၊ ထောင်လွှားမှု၊ သူတပါး၏ ဂုဏ်ကို ဖျက်ဆီးမှုစသည်တို့ ကင်းပ လျှောကျပြီးသော ပုဂ္ဂိုလ်အား ဗြာဟ္မဏဟု ငါဘုရားဟော၏။

၄၀၈

အကြင်သူသည် နူးညံ့ပြေပြစ်၍ အဓိပ္ပါယ် ပေါ်လွင်သော မှန်သော စကားကို ပြော၏။ မည်သူ့ကိုမျှ ဒေါသအမျက်ဖြင့် မထိခိုက်မငြိစွန်းစေ။ ထိုသူအား ဗြာဟ္မဏဟု ငါဘုရားဟော၏။

၄၀၉

ပိုင်ရှင်မပေးသော ဥစ္စာကို ရှည်သည်ဖြစ်စေ၊ တိုသည်ဖြစ်စေ၊ ကြီးသည် ဖြစ်စေ ငယ်သည်ဖြစ်စေ၊ ကောင်းသည် ဖြစ်စေ မကောင်းသည်ဖြစ်စေ မခိုးယူသော သူအား ဗြဟ္မဏဟု ငါဘုရားဟော၏။

၄၁၀

အကြင်ပုဂ္ဂိုလ်သည် ဤလောက၌ရင်း၊ တမလွန်လောက၌ရင်း၊ မက်မောမှု တဏှာမရှိ။ ကိလေသာနှင့်လည်း မယှဉ်သော ထိုပုဂ္ဂိုလ်အား ဗြဟ္မာဟု ငါဘုရားဟော၏။

၄၁၁

အကြင် ပုဂ္ဂိုလ်၌ ကပ်ငြိတွယ်တာခြင်းသည် မရှိ။ တရားမှန်ကိုသိ၍ သို့လောသို့လော တွေးတောတွေဝေခြင်းမရှိ။ အမြိုက်နိဗ္ဗာန်သို့ ရောက်သော ထိုပုဂ္ဂိုလ်အား ဗြဟ္မဏဟု ငါဘုရားဟော၏။

၄၁၂

ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် ကုသိုလ် အကုသိုလ်ကံနှစ်ပါးကိုရင်း၊ ကပ်ငြိတတ်သော တဏှာကိုရင်း၊ လွန်မြောက်၏။ စိုးရိမ်ခြင်းမရှိ၊ ကိလေသာ မြူကင်း၍ စင်ကြယ်သော ထိုပုဂ္ဂိုလ်အား ဗြဟ္မဏဟု ငါဘုရားဟော၏။

၄၁၃

တိမ်တိုက်အညစ်အကြေးကင်းစင်သော လမင်းပမာ ကိလေသင်ကင်းစင်သဖြင့် အထူးကြည်လင်သော၊ ဘဝ၌ နှစ်သက်ရာ တဏှာကုန်ခန်းသောပုဂ္ဂိုလ်အား ဗြာဟ္မဏဟု ငါဘုရားဟော၏။

၄၁၄

အကြင်ပုဂ္ဂိုလ်သည် ရာဂတည်းဟူသော ဆူးကိုင်း၊ ကိလေသာတည်းဟူသော ခရီးကြမ်းကိုင်း၊ သံသရာတည်းဟူသော သမုဒ္ဒရာကိုင်း၊ မောဟတည်းဟူသော အမိုက်မှောင်ကိုင်း၊ ဤသလေးပါးလုံးကို ကူးမြောက်ပြီး နိဗ္ဗာန်တည်းဟူသော ကမ်းတဖက်သို့ ရောက်၏။ ကိလေသာကိုလည်း ရှို့မြှိုက်၏။ တဏှာကင်း၍ သို့လော သို့လော တွေးတောမှုလည်းမရှိ။ အစွဲအလမ်းကင်း၍ ငြိမ်းချမ်း၏။ ထိုပုဂ္ဂိုလ်အား ဗြာဟ္မဏဟု ငါဘုရားဟော၏။

၄၁၅

ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် ကာမကိုပယ်၍ အိမ်ရာမထောင်ဘဲ ရဟန်းပြု၏။ ကုန်ပြီးသောကာမ၊ ကုန်ပြီးသော ဘဝရှိသော ယင်းပုဂ္ဂိုလ်အား ဗြာဟ္မဏဟု ငါဘုရားဟော၏။

၄၁၆

ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် တဏှာကိုပယ်၍ အိမ်ရာမထောင်ဘဲ ရဟန်းပြု၏။ ကုန်ပြီးသောတဏှာ၊ ကုန်ပြီးသော ဘဝရှိသော ယင်းပုဂ္ဂိုလ်အား ဗြာဟ္မဏဟု ငါဘုရားဟော၏။

၄၁၇

အကြင်ပုဂ္ဂိုလ်သည် လူ၌ဖြစ်သော အစီးအပွားကို ပယ်၏။ နတ်၌ဖြစ်သောအစီးအပွားကိုပယ်၏။ အလုံးစုံသောအစီးအပွားတို့နှင့် မယှဉ်သော ထိုပုဂ္ဂိုလ်အား ဗြဟ္မာဏဟု ငါဘုရားဟော၏။

၄၁၈

မွေ့လျော်ခြင်း မမွေ့လျော်ခြင်းကို စွန့်ပယ်၍ ငြိမ်းချမ်းပြီးဖြစ်သော အလုံးစုံသောလောကကိုလွှမ်းမိုး၍ ရဲရင့်သောပုဂ္ဂိုလ်အား ဗြဟ္မာဏဟု ငါဘုရားဟော၏။

၄၁၉

အကြင်ပုဂ္ဂိုလ်သည် သတ္တဝါတို့၏ သေခြင်းကို၎င်း၊ ပဋိသန္ဓေနေခြင်းကို၎င်း၊ အလုံးစုံသောအားဖြင့် သိ၏။ ကပ်ငြိတွယ်တာခြင်းလည်းမရှိ။ သူတော်ကောင်း အကျင့်ကို ကျင့်၍ သစ္စာလေးပါးတရားကို သိသော ထိုပုဂ္ဂိုလ်အား ဗြဟ္မာဏဟု ငါဘုရားဟော၏။

၄၂၀

အကြင်ပုဂ္ဂိုလ်တို့၏ လားရာဂတိကိုနတ်တို့သည်၎င်း၊ လူတို့သည်၎င်း မသိကုန်။ အာသဝေါကုန်ခန်း၍ ရဟန္တာဖြစ်သော ထိုပုဂ္ဂိုလ်အား ဗြဟ္မာဏဟု ငါဘုရားဟော၏။

## ၄၂၁

အကြင်ပုဂ္ဂိုလ်၌ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်၊ ခန္ဓာတို့၌ ကြောင့်ကြမှုသည်မရှိ။ အစွဲအလမ်းလည်းကင်း၏။ ယင်းပုဂ္ဂိုလ်အား ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၄၂၂

အကြင်ပုဂ္ဂိုလ်သည် ရှေ့ဆောင် နွားလားဥသဘနှင့် တူစွာမြတ်သောလုံ့လရှိ၏။ သီလက္ခန္ဓာစသည်ကို ရှာမှီးလေ့ရှိ၏။ မာရ်သုံးပါးကိုအောင်၏။ တဏှာကင်းပ၏။ ကိလေသာအညစ်အကြေးကို ဆေးလျှော်ပြီးဖြစ်၏။ သစ္စာလေးပါးတရားကို သိ၏။ ထိုပုဂ္ဂိုလ်အား ဗြာဟ္မဏဟု ငါဘုရားဟော၏။

## ၄၂၃

အကြင်ပုဂ္ဂိုလ်သည် ရှေး၌ဖြစ်ဘူးသောခန္ဓာအစဉ်ကိုသိ၏။ နတ်ပြည်ငရဲပြည်ကိုလည်းမြင်၏။ ပဋိသန္ဓေကုန်ရာ အရဟတ္တဖိုလ်သို့ရောက်၏။ ထူးသောဉာဏ်ဖြင့်သိ၍ နိဗ္ဗာန်သို့ ရောက်ပြီးသော ရဟန်းဖြစ်၏။ ကိလေသာကုန်ရာအကျင့်ကိုကျင့်သုံးပြီး ဖြစ်၏။ ထိုပုဂ္ဂိုလ်အား ဗြာဟ္မဏဟု ငါဘုရားဟော၏။

# သိမှတ်ဖွယ်ရာအကွဲ့ရာစဉ်

(ပူးတွဲပါဂဏန်းသည် တရားပုဒ်အမှတ်စဉ်ကို ရည်ညွှန်းပါသည်)

## ( က )


| | |
|---|---|
| ကောင်းကင်၌ခြေရာမရှိ | ၂၅၅ |
| ကောင်းသောတရားရှင် | ၂၆၃ |
| ကောင်းသောနှိုးကြားခြင်း | ၂၉၆ မှ ၃၀၁ |
| ကုန်း၌တင်သောငါးပမာ | ၃၄ |
| ကျောက်တောင်ကို မုန်တိုင်းသည် မနှိပ်စက်နိုင် | ၈ |
| ကျောက်၌ဖြစ်သောစိန် | ၁၆၁ |
| ကြိုး | ၃၉၈ |

( ခ )

ခဲယဉ်းသောအဖြစ်များ ၁၀၂
ခိုင်မာမြဲမြံသောအနှောင်အဖွဲ့ ၃၄၅၊ ၃၄၆
ချစ်ခြင်း ၂၀၉ မှ ၂၁၂
ချမ်းသာခြင်း ၁၉၄၊ ၁၉၇ မှ ၂၀၀
ခန္ဓာလှေ ၃၆၉

( င )

ငါးကုန်ခန်းသောသည့်အိုင်အပါးမှ အတောင်
ကျွတ်သောကြိုးကြာအို ၁၅၅
ငြိမ်သက်သောပုဂ္ဂိုလ် ၃၇၀
ငှက်တို့၏ခြေရာ ၉၂၊ ၉၃

( ဆ )

ဆင်ယာဉ်၊ မြင်းယာဉ်တို့ဖြင့် မရောက်နိုင်သောအရပ် ၃၂၃
ဆင်းရဲကြောင်းဒဏ်ဆယ်ပါး ၁၃၇ မှ ၁၄၀

( ည )

ညွှစ်ပြီးစန့်ရည် ၇၁

( တ )

တခဲနက်ဖြစ်သောကျောက်ဆောင်သည် အရပ်လေး
မျက်နှာမှလာသောလေကြောင့်မတုန်လှုပ် ၈၁
တဏှာတောကိုခုတ်ကုန်လော့ ၂၀၃
တဏှာလက်သမား ၁၅၀၊ ၁၅၃၊ ၁၅၄
တရား၌တည်သောတရားသူကြီး ၂၅၆၊ ၂၅၇
တောအကြောင်းတောင်အကြောင်း ၁၀၀
တိမ်တိုက်မှလွတ်သောလမင်း ၁၇၂၊ ၁၇၃

( ဓ )

ဓနပါလဆင် ၃၂၄

( န )

နို့မကွာသေးသောနွားငယ်ပမာ ၂၀၄
နယ်စပ်မြို့ ၃၁၅
နွားကျောင်းသားဥပမာ ၁၉၊ ၁၃၅

( ပ )

ပညာပြသာဒ် ၂၀
ပညာရှိဖြစ်နိုင်သောလူမိုက် ၆၃
ပညာရှင်ယောက်ျားမြတ် ၃၅၂
ပညာဦးထိပ်ကိုပြတ်စေသောအရာ ၇၂
ပူပန်ရသောအမှု ၁၇
ပျားပိတုန်းပမာကျင့်ရာ၏ ၄၉
ပိုက်ကွန်မှလွတ်မြောက်သောငှက် ၁၇၄
ပန်းတကာတို့ထက်သင်းပျံ့သောရနံ့ ၅၄ မှ ၅၆
ပန်း၌ကျွမ်းသောပန်းသည် ၄၄ မှ ၅၅
ပြိန်းမြက်ကိုအလိုရှိသူသည်အပင်ကိုအခြေမှ
တူးရသကဲ့သို့ ၃၃၇

( ဗ )

ဗုဒ္ဓ၏ဥဒါန်း ၁၅၃၊ ၁၅၄

( ဘ )

ဘာဝရိက္ခာ ၂၃၅၊ ၂၃၇
ဘိက္ခု ၃၆၇

( မ )

မမေ့လျော့ခြင်းအကျိုး ၂၁၊ ၂၃၊ ၂၄
မသေသောသူ ၂၁
မာဃလုလင် ၃၀
မိမိ၏ကိုးကွယ်ရာအစစ်အမှန် ၁၆၀
မိမိ၏အခြေအမြစ်ကိုတူးဖြိုဖျက်ဆီးသူ ၂၄၆၊ ၂၄၇
မိုးရေစက်ပမာ ၁၂၁၊ ၁၂၂
မင်းစီးရထားဥပမာ ၁၇၁
မွေ့လျော်ဖွယ်ရာအရပ် ၉၈၊ ၉၉

| | |
|---|---|
| မြတ်သောကိုးကွယ်ရာ | ၁၈၈ မှ ၁၉၂ |
| မြတ်သောအသက်ရှည်ခြင်း | ၁၁၀ မှ ၁၁၅ |
| မြှုပ်ထားသောရွှေအိုးကိုဖော်ပေးသူ | ၇၆ |
| မိန်းမ၏အညစ်အကြေး | ၂၄၂ |
| မုန်တိုင်းသည်ကြုံလှီသောသစ်ပင်ကို ချိုးဖြတ်နှိပ်စက်နိုင်၏ | ၈ |

( ယ )

| | |
|---|---|
| ယောကျ်ားမြတ် | ၉၇ |
| ယောကျ်ားအာဇာနည် | ၁၉၃ |
| ယောက်မနှင့်လျှာ | ၆၄၊ ၆၅ |

( ရ )

| | |
|---|---|
| ရထားကြိုးကိုင် | ၂၂၂ |
| ရဟန်းကိစ္စပြီးဆုံးသူ | ၃၅၁ |
| ရဟန်းမဟုတ်သောရဟန်း | ၁၈၄၊ ၂၆၆ |

ရေမြှုပ်နှင့်တံလျှပ်ပမာ ၄၆
ရန်ငြိမ်းကြောင်းတရား ၃၊၄၊ ၅၊ ၆

( လ )

လူမိုက်၏ခြိုးခြံသောအကျင့် ၇၀
လုံခြုံသောအိမ်ဥပမာ ၁၃၊ ၁၄
လှည်းဘီးနှင့်ဝန်ဆောင်နွားဥပမာ ၁
လိမ္မာသောရထားထိန်း ၂၂၂

( ဝ )

ဝမ်းမြောက်ရသောအမှု ၁၆

( သ )

သမန်းမြက်ဥပမာ ၃၁၁
သံတွေခဲကိုစားခြင်းကမြတ်၏ ၃၀၈
သံမှဖြစ်သောသံချေး ၂၄၀

သံသရာဝဲသြဲသကိုကူးမြောက်ပြီးသူ ၃၄၀
သူတပါးမယားအားမှီဝဲသူ ၃၀၉ မှ ၃၁၀
သေမင်းလက်မှလွတ်ရာအရပ် ၁၂၈
သက်နိုးနှင့်ထိုက်တန်သူ ၉၊ ၁၀

( အ )

အကဲ့ရဲ့လွတ်သူ ၂၂၇ မှ ၂၃၀
အကျိုးမဲ့အိုမင်းမှု ၂၆၀
အဆိပ် ၁၂၃၊ ၁၂၄
အထက်အနိဋ္ဌပြဟ္မာ့ဘုံသို့အစဉ်အတိုင်းသွားမည့်သူ ၂၁၈
အနာအပြတ်သောခေါင်းလောင်း ၁၃၄
အနှစ်ရှိသောတရား ၁၁၊ ၁၂
အမိ၊ အဖ၊ မင်း၊ မှူးမတ်နှင့်တကွ တိုင်းပြည်ကို
သတ်ခြင်းဖြင့် ဆင်းရဲကင်းရာသွား၏ ၂၉၄၊ ၂၉၅
အမှိုက်ပုံ၌ပေါက်သောပဒုမ္မာကြာ ၅၈၊ ၅၉
အမြတ်ဆုံးခရီး ၂၇၃
အမြတ်ဆုံးပုဂ္ဂိုလ် ၂၇၃

အမြတ်ဆုံးသောတရား ၂၇၃

အမြတ်ဆုံးသစ္စာ ၂၇၃

အမြတ်ဆုံးအလှူ ၃၅၄

အမြတ်ဆုံးအောင်နိုင်သူ ၁၀၃ မှ ၁၀၅

အမြတ်ဆုံးဥစ္စာ ၂၆

အရိပ်ပမာ ၂

အရှည်လျားဆုံးခရီး ၆၀

အဝိဇ္ဇာအမှောင်နှင့်ပညာဆီမီး ၁၄၆

အဝေး၌တည်သောဟိမဝန္တာ ၃၀၄

တောင်နှင့်ညဥ့်၌ပစ်သောမြား

အသက်မွေးခဲယဉ်းသူ ၂၄၅

အသက်မွေးလွယ်ကူသူ ၂၄၄

အိုးနှင့်မြို့ဥပမာ ၄၀

ဧအောင်မြင်ကြောင်းတရား ၂၂၃

အိပ်ပျော်နေသောရွာ ၄၇၊ ၂၈၇

ဓမ္မပဒ အမည်နဲ့ ထွက်နေတဲ့ စာအုပ်တွေ...
ဗုဒ္ဓရဲ့နှုတ်မြွက်စကားမြတ်ကို ရိုက်နှိပ်ထားတဲ့ စာအုပ်တွေ
အဲဒီစာအုပ်တွေကြားထဲက ထူးထူးခြားခြား–

## ဦးမြ ပြုစုသည့် "ဓမ္မပဒ"

ဖတ်ယင်း မှတ်ယင်းနဲ့ တိုရှင်း လိုရင်းကို ထိမိ
သိသွားစေနိုင်သလို တဆင့်စကား တဆင့်နား
ဓမ္မဒါန အဖြစ် ပွားများနိုင်ကြပါတယ်။

ဤ "ဓမ္မပဒ" စာအုပ်မြတ်ကို ဓမ္မဒါန လှူဒါန်းလိုသူများ

မိမိကိုယ်တိုင် ပြုစုရေးသားထားသည့် တရားဓမ္မ
လက်ရေးမူများကို ပုံနှိပ်လှူဒါန်းလိုသူများ ဆောင်ပါ
လိပ်စာအတိုင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ဦးလှညွန့်မြ
ရွှေဥဒေါင်းစာပုံနှိပ်တိုက်
အမှတ် ၁၁၉/၁၀
ရန်ကုန်မြို့